Public Disclosure Authorized
Public Disclosure Authorized
Public Disclosure Authorized
Public Disclosure Authorized



အနှစ်ချုပ်တင်ပြချက်

# မြန်မာနိုင်ငံ၏မြို့ပြဖြစ်ထွန်းမှု

## အားလုံးအတွက် အခွင့်အလမ်းများ ဖန်တီးခြင်း

WORLD BANK GROUP
Social, Urban, Rural & Resilience




# နိဒါန်း

မကြာသေးခင်က မြန်မာနိုင်ငံတွင်  စီးပွားရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကြောင့် မြန်ဆန်သည့် တိုးတက်မှုများ ပေါ်ပေါက်ခဲ့ပြီး လူအများအတွက် အခွင့်အလမ်းများ ပေါ်ပေါက်လာခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ဆင်းရဲနွမ်းပါးမှုနှုန်းလည်း လျော့ကျလာခဲ့ပြီး ၂၀၀၅ နှင့် ၂၀၁၄ ခုနှစ်အတွင်း ဂျီဒီပီတိုးတက်မှုနှုန်း တစ်နှစ်လျှင် ၈ ရာခိုင်နှုန်း ရှိခဲ့ကာ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၄၈ ရာခိုင်နှုန်းမှ ၃၂ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့သည်[1]။

ဆောက်လုပ်ရေး၊ ဝန်ဆောင်မှုများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် စီးပွားရေးတိုးတက်မှု၏ အများစုမှာ မြို့ကြီးများတွင် ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ကျေးလက်ဒေသများနှင့် နှိုင်းယှဉ်လျှင် တစ်ဦးချင်းအသုံးစရိတ်များ လျင်မြန်စွာတိုးလာပြီး ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်း သိသိသာသာ ကျဆင်းသွားသည်။ ဒေသတွင်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြို့ပြဒေသများတွင် နေထိုင်သူ လူဦးရေ ခန့်မှန်းခြေ (၃၀)ရာခိုင်နှုန်းနှင့်အတူ မြန်မာနိုင်ငံသည် အတော်လေး မြို့ပြဖြစ်ထွန်းမှု၏ အစောပိုင်းကာလ အဆင့်မျှသာရှိသေးသည်။ ထို့ကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုတွင် အားလုံးပါဝင်နိုင်ပြီး ရေရှည်တည်တံ့နိုင်စေမှုအပေါ် အလေးအနက်ထားသည့် မြို့ပြအုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံအုတ်မြစ်ခိုင်ခိုင် နေရာတကျထားရမည့် အရေးကြီးသည့်အချိန်ဖြစ်နေပါသည်။

မြို့ပြဖြစ်ထွန်းမှုသည် မြို့ပြနေထိုင်သူများကို အခွင့်အလမ်းများစွာ ပေါ်ပေါက်စေနိုင်သော်လည်း  တစ်ဖက်တွင် မြို့ပြနေထိုင်သူများ၏ လိုအပ်ချက်များ တိုးပွားလာခြင်းကြောင့် အလျင်မီအောင် ဖြည့်ဆည်းပေးရန်မှာ စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါသည်။ စီမံကိန်း အားနည်းခြင်း၊ အခြေခံအဆောက်အဦး မပြည့်စုံခြင်း၊ အခြေခံကျသည့် ဝန်ဆောင်မှုများ မရှိခြင်းတို့ကြောင့် အစီအစဉ်မကျသည့် မြို့ပြချဲ့ထွင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ လူဦးရေ ထူထပ်ခြင်းနှင့် မညီမျှမှုများကို ဖြစ်ပေါ်စေပါသည်။

အချိန်နှင့်အမျှ မညီမျှမှုများသည် မြို့ပြဖြစ်ထွန်းမှုက ဆောင်ယူပေးလာနိုင်သည့် အကျိုးကျေးဇူးများကို လျော့ပါးစေပြီး လူတန်းစားကွာဟမှုများ ပေါ်ပေါက်စေနိုင်သလို ရှိနှင့်ပြီးသား ကွာဟမှုများအား ပိုမိုဆိုးရွားသွားစေနိုင်ပြီး ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုများ မြင့်တက်လာစေနိုင်သည်။ ထို့ကြောင့် မြို့ပြဖွံ့ဖြိုးရေးတွင် သာတူညီမျှရေးကို အလေးထားပေးကာ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခြင်းက  အရေးတကြီးလိုအပ်လာသည်ကို ထင်ရှားပေါ်လွင်နေပါသည်။

---

1 စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် ကမ္ဘာ့ဘဏ် ၊ ၂၀၁၇ ခ။ မြန်မာဆင်းရဲမှုနှင့် လူနေမှု အခြေအနေစစ်တမ်း - ဆင်းရဲမွဲတေမှု ခန့်မှန်းခြင်း နည်းပညာအစီရင်ခံစာ၊ ဆင်းရဲမှုအား ၂၀၁၅ လူနေမှုအခြေအနေအပေါ် အခြေခံ၍ ခန့်မှန်းထားသည်။

ထို့အပြင် ဆယ်စုနှစ်များစွာ စီးပွားရေး၊ နိုင်ငံရေး အဆက်ပြတ်နေခြင်း၊ ပဋိပက္ခ နှင့် ဖွံ့ဖြိုးမှုနိမ့်ကျကျန်ခဲ့မှုတို့ဖြင့် အသွင်လက္ခဏာများဖြင့် ရှုပ်ထွေးသည့် သမိုင်းကြောင်းမှ အသွင်ကူး ပြောင်းလဲနေသည့် မြန်မာနိုင်ငံသည် နိုင်ငံသားအားလုံး ပါဝင်နိုင်စေသည့် ဖွံ့ဖြိုးတိုးတက်ရေးကို သေချာအောင် ဆောင်ရွက်နိုင်ရန်မှာ အရေးကြီးသည့် အချက်တစ်ခု ဖြစ်သည်။ အားလုံးပါဝင်နိုင်သည့် မြို့ပြ ဖြစ်ထွန်းမှုကို အလေးထားခြင်းသည် နိုင်ငံသားများ၏ စီးပွားရေး အခြေအနေများ တိုးတက်လာစေနိုင်ပြီး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုလည်း အထောက်အကူ ဖြစ်စေပြီး  မြို့ပြကုန်ထုတ်နိုင်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း ‌မြှင့်တင်နိုင်သည်။

ဤလေ့လာမှုတွင် အားလုံးပါဝင်နိုင်သည့် မြို့ပြဖြစ်ထွန်းမှု မူဘောင်ကို အရေးကြီးသည့် စီးပွားရေး၊ လူမှုရေးနှင့် နေရာဆိုင်ရာ ရှုထောင့်(၃)ရပ် ပါဝင်ပြီး အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

ရှုထောင့်(၃)ရပ်ဖြင့် အားလုံးပါဝင်နိုင်ရေးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်နေပြီး ရှုပ်ထွေးသော ကိစ္စရပ်များကို နားလည်နိုင်ရန် ချဉ်းကပ်မှုတွင်လည်းကောင်း၊ အဖြေရှာဖွေရာတွင်လည်းကောင်း ရှုထောင့်(၃)ရပ်လုံးကို ထည့်သွင်းစဉ်းစားရမည်။ ဥပမာ၊ ဝင်ငွေရရှိစေနိုင်မည့် အခွင့်အလမ်းများ ရယူရန် အခက်အခဲများသည် စိန်ခေါ်မှုများသည် မေခရိုစီးပွားရေး၏ ပြဿနာရပ်များ၊ လုပ်သားဈေးကွက်ရှိ ဖွဲ့စည်းပုံ ပြဿနာရပ်များနှင့် ဆက်စပ်နေနိုင်သည်။ ထို့အပြင် လူအများ နေထိုင်ရာ နေရာများ၊ အလုပ်နှင့် ဈေးများသို့ ဈေးသက်သာသော သယ်ယူပို့ဆောင်ရေးဖြစ်နိုင်ခြေများ၊ အိမ်အခြေပြု အလုပ်အကိုင်များအတွက် အခြေခံအဆောက်အဦ နည်းပါး နေသေးခြင်း၊ အချို့အုပ်စုများကို ခွဲခြားဆက်ဆံထားသည့် ခွဲခြား ဖိနှိပ်ထားသည့် မူဝါဒများ သို့မဟုတ် လူမှုရေး အလေ့အထများ စသည်တို့နှင့်လည်း ဆက်စပ်နေနိုင်သည်။ မြန်မာနိုင်ငံရှိ မြို့ပြ နေရာများတွင် အလုပ်အကိုင်၊ အိမ်ရာနှင့် အခြေခံ အဆောက် အဦးနှင့် လူမှုရေး ဝန်ဆောင်မှုများ၌ အမျိုးမျိုးသော အကြောင်းပြ ချက်များဖြင့် ဖယ်ထုတ်ခြင်း ခံနေရသော မြို့ပြ ဆင်းရဲသားများ၊ ရွှေ့ပြောင်းများ၊ တိုင်းရင်းသား လူနည်းစု အုပ်စုများ၊ ဘာသာရေးလူနည်းစုများ၊ အမျိုးသမီးများနှင့် မသန်စွမ်းသူများ တို့ကို ဘေးဖယ်ခံအုပ်စုများဟု သတ်မှတ်ကြပါသည်။

## ပုံ (၁) - အားလုံးပါဝင်နိုင်သည့် မြို့ကြီးများအတွက် ရှုထောင်စုံ မူဘောင်




ကိုးကား - ကမ္ဘာ့ဘဏ် (၂၀၁၅) မှ ဆီလျော်အောင်ပြုပြင်ထားသည်[2]။

2 ယင်းကို ကမ္ဘာ့ဘဏ် (၂၀၁၅) မှ မူဘောင် ၊ ကမ္ဘာ့ အားလုံးပါဝင်နိုင်သည့် မြို့ကြီးများ အသုံးချနည်းလမ်းဆိုင်ရာစာတမ်း၊ ကမ္ဘာ့ဘဏ် အစီရင်ခံစာ (World Inclusive Cities Approach Paper, World Bank Report AUS8539, Washington, DC) ပေါ် အခြေပြု ရေးဆွဲထားသည်။



# INCLUSIVE URBANIZATION HAS MANY BENEFITS FOR CITIZENS

ဤအနှစ်ချုပ်အစီရင်ခံစာတွင် မြန်မာ့မြို့ပြဖြစ်ထွန်းမှု - အားလုံးအတွက် အခွင့်အလမ်းများ ဖန်တီးခြင်း အစီရင်ခံစာပါ အဓိကတွေ့ရှိချက်များနှင့် မူဝါဒ အကြံပြုချက်များကို ကောက်နှုတ်ထားခြင်းဖြစ်ပါသည်။ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် သုတေသန ပညာရှင်များစွာတို့က ပြုလုပ်ခဲ့သည့် လေ့လာမှုပေါင်းများစွာမှ ကောက်နုတ်ထားသော ထိုအစီရင်ခံစာသည် အားလုံး ပါဝင်နိုင်သည့် မြို့ပြဖြစ်ထွန်းမှု ရှုထောင့်မှ မြန်မာနိုင်ငံရှိ မြို့ကြီးများ လက်တွေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို သဘောပေါက် နားလည်နိုင်ရန်၊ ဆန်းစစ်နိုင်ရန် ရည်ရွယ်ထားပြီး မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးမှု အလားအလာရှိ မြို့ကြီးများ ဖော်ထုတ်၍ ထိုနေရာများအတွက် ဦးစားပေးမူဝါဒ နယ်ပယ်များ အဆိုပြုတင်ပြထားပါသည်။ ဤလေ့လာမှုတွင် အသုံးပြုထားသည့် ဥပမာများ၊ အချက်အလက်များသည် သတင်း အချက်အလက်ရရှိနိုင်သည့် ရန်ကုန်မြို့ကိုသာ အလေးထား ဖော်ပြထားပါသည်။ အခြားမြို့ပြနေရာများအတွက် ထပ်လောင်း ဆန်းစစ်မှုများစွာ လိုအပ်နေသော်လည်း စိန်ခေါ်မှုအများစုမှာ ရန်ကုန်မြို့မှ တွေ့ရှိချက်များနှင့် ဆင်တူ၍ မြို့အရွယ်အစား ပိုမို သေးငယ်သည်။ ဤအစီရင်ခံစာ လေ့လာမှုတွင် မပါရှိသော မူရင်းအချက်အလက်များအား အသေးစိတ်စိစစ်သုံးသပ်ခြင်းကို လုပ်ဆောင်ပါက နယ်ပယ်များစွာတွင် အကျိုးဖြစ်ထွန်းနိုင်မည်ဟု တွေ့ရှိရပါသည်။ ထို့ကြောင့် အဆိုပါ အသေးစိတ် စိစစ်သုံးသပ် ခြင်းများအား အနာဂတ်တွင် ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ် ထားပါသည်။






# အဓိက တွေ့ရှိချက်များနှင့် စိန်ခေါ်မှုများ

## မြန်မာနိုင်ငံတွင် မြို့ပြဖြစ်ထွန်းမှုသည် သိသိသာသာဆင်းရဲနွမ်းပါးမှု လျော့ကျခြင်းနှင့်အတူ တည်ငြိမ်စွာ တဖြည်းဖြည်း မြင့်တက်လာနေခြင်း

မြန်မာနိုင်ငံရှိ လူဦးရေ (၅၁.၅) သန်းအနက် (၁၅) သန်းခန့်သည် မြို့ပြတွင် နေထိုင်ကြပြီး ကျေးလက်ဒေသနေထိုင်သူ များပြားသည့် နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပါသည်။ သို့သော် ၂၀၅၀ ခုနစ်တွင် လက်ရှိ ကျေးလက်လူဦးရေမှ နောက်ထပ် (၇.၁) သန်းသည် မြို့ကြီးများသို့ ပြောင်းရွှေ့ကြမည့် အလားအလာရှိသည့်အတွက် ဤကိန်းဂဏန်း အချက်အလက်များသည် ပြောင်းလဲနိုင်ပါသည်။ ရန်ကုန်မြို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် လတ်တလောတွင် မြန်မာနိုင်ငံ၏ စီးပွားရေး နှင့် ဘဏ္ဍာရေးမြို့တော်အဖြစ် အင်အားအကောင်းဆုံး မြို့ကြီးဖြစ်နေသည်။ ရန်ကုန်မြို့၌ လူဦးရေ (၅)သန်းကျော်နေထိုင်ကြပြီး ကျယ်ပြန့်သောမြို့တော်နယ်နိမိတ်အတွင်းတွင် နေထိုင်သူ (၇.၄)သန်း ရှိပါသည်။ ရန်ကုန်မြို့သည် နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သည့် မန္တလေးမြို့(လူဦးရေ ၁.၂၂ သန်း)ထက် သိသိသာသာကြီးမားပြီး နိုင်ငံဂျီဒီပီ၏ ၂၀-၂၅ ရာခိုင်နှုန်းခန့် ဖြည့်ဆည်းပေးနေပါသည်။


ပုံ (၂) - မြို့ပြလူဦးရေ တည်ရှိမှု




ကိုးကား - ၂၀၁၄ သန်းခေါင်စာရင်း



## ပုံ (၃) - ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏အကြီးဆုံးမြို့ကြီးတစ်ခု ဖြစ်ပါသည်




ကိုးကား - ၂၀၁၄ သန်းခေါင်စာရင်း

မြို့ပြဒေသများအတွင်း တိုးတက်မှုအများစုမှာ ကျေးလက်ဒေသမှ မြို့ပြသို့ ပြည်တွင်းရွှေ့ပြောင်းသွားလာမှုကြောင့် ဖြစ်ပါသည်[3]။ ဥပမာ ၂၀၀၉ခုနှစ်-၂၀၁၄ခုနှစ်အတွင်း ရန်ကုန်မြို့၏ လူဦးရေ တိုးတက်မှုအနက် (၈၁) ရာခိုင်နှုန်းမှာ ပြည်တွင်းရွှေ့ပြောင်း သွားလာမှုကြောင့် ဖြစ်သည်။ ရွှေ့ပြောင်းအများစုမှာ အလုပ်အကိုင် အတွက် မြို့ကြီးများသို့ ရွှေ့ပြောင်းကြသည်။ ကျေးလက်ဒေသမှ မြို့ပြသို့ ရွှေ့ပြောင်းသွားလာစေရန် တွန်းပို့သည့် အခြားအကြောင်း အရာများမှာ စီးပွားရေး အခက်အခဲများ၊ ကျေးလက်ဒေသ ဆင်းရဲ နွမ်းပါးမှု၊ မြေယာပိုင်ဆိုင်မှုမရှိခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကြောင့်ဖြစ်သည်။

မြို့ပြဖြစ်ထွန်းမှုသည် မြို့ပြ၌ ဆင်းရဲနွမ်းပါးမှုကို ပိုမိုလျော့ချပေးနိုင်ပြီး ၂၀၀၄-၂၀၀၅တွင် (၃၂.၂) ရာခိုင်နှုန်းမှ ၂၀၁၅ခုနှစ်တွင် (၁၄.၅)ရာခိုင်နှုန်းသို့ သိသိသာသာကျဆင်းသွားစေပါသည်[4]။ မြို့ပြရှိ မညီမျှမှုသည် ကျေးလက်ဒေသများထက် မြင့်မားပြီး ၂၀၁၅ ခုနှစ်တွင် Gini coefficient (၃၈.၆) ရှိခဲ့သည် (နှိုင်းယှဉ်လျှင် ကျေးလက်ဒေသများတွင် (၂၈.၃))[5]။ အခြားနိုင်ငံများတွင်လည်း အလားတူဖြစ်သော်လည်း ထို့သို့ဖြစ် ရသည့်အကြောင်းရင်းမှာ မြို့ပြဖြစ်ထွန်းမှု တိုးလာသည်နှင့်အမျှ မြို့များတွင် မညီမျှမှုနှင့် လူမှုရေးတင်းမာမှုများဆက်စပ်မှု အလားအလာဖြစ်ပေါ်လာစေပါသည်။

မြို့ပြလူဦးရေ တိုးမြင့်လာခြင်းသည် မြို့များပေါ်သို့ အထူးသဖြင့် ရန်ကုန်မြို့ပေါ်သို့ ဝန်ပိမှု စတင်ဖြစ်ပေါ်စေပြီး တန်ဖိုးသင့် အိမ်ရာများ၊ အခြေခံအဆောက်အဦများနှင့် ဝန်ဆောင်မှုများ လိုအပ်လာသည်။ ရန်ကုန်မြို့တွင် ဥပမာ မြို့လူဦးရေ (၃၃) ရာခိုင်နှုန်းသာ ပိုက်သွယ်ထားသည့်ရေကို သုံးစွဲခွင့်ရှိကြပြီး ယာဉ်ကြောပိတ်ဆို့မှု (လမ်းပိတ်ဆို့မှု) မြင့်တက်နေပြီး အမှိုက်များ လာခြင်း၊ ရေကြီးခြင်းနှင့် သဘာပတ်ဝန်းကျင်ညစ်ညမ်းမှုတို့သည် လည်း မြင့်တက်နေသည်။ အသစ်ရောက်ရှိလာသော နေထိုင် သူများသည် ပုံမှန်အိမ်ယာများတွင် နေထိုင်ရန် မတတ်နိုင် ကြသည့်အတွက် ကျူးကျော်အခြေချမှုများလည်း မြင့်တက်နေ ပါသည်။ ထိုကိစ္စရပ်များကို မဖြေရှင်းဘဲထားလျှင် ထိုအခြေခံ အဆောက်အဦ လိုအပ်ချက်များသည် လူနေသိပ်သည်းခြင်း၊ ဆင်းရဲသားရပ်ကွက်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်းတို့ကို ပိုမို ဖြစ်ပေါ်စေပြီး ဖွံ့ဖြိုးတိုးတက်မှုကို လေးကန်ဖင့်နွဲ့စေနိုင်ပါသည်။

---

3 UNFPA, 2017, မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၊ လူဦးရေအကြောင်းအရာဆိုင်ရာ အစီရင်ခံစာ။
4 MPLCS 2015 and 2017, ကမ္ဘာ့ဘဏ်၏ ဆင်းရဲမွဲတေမှုဆိုင်ရာ အစီရင်ခံစာ။ ကမ္ဘာ့ဘဏ် နည်းစနစ်အား အခြေခံသည်။
5 ခေတ်ပြိုင်လမ်းကြောင်းဆိုင်ရာ အချက်အလက်များ မရှိပါ။



# အားလုံးပါဝင်နိုင်သည့် စီးပွားရေး

## မြို့ကြီးများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အချက်အချာ ဖြစ်ကြသော်လည်း အားလုံး အကျိုးခံစားရသည် မဟုတ်ပေ။

မြို့ကြီးများသည် စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင် ဖန်တီးပေးနိုင်သည့် အချက်အချာ နေရာများဖြစ်သည်။ ဝင်ငွေ ရှာဖွေနိုင်သည့် အခွင့်အလမ်းများကို ရယူရာတွင် လုပ်သားဈေးကွက်များနှင့် ချိတ်ဆက်ရာတွင် ပုံမှန်မရှိသော အခြေအနေ မြင့်မားခြင်း၊ ကျွမ်းကျင်မှု အရည်အသွေး နိမ့်ကျခြင်းနှင့် ခွဲခြားဆက်ဆံမှု စသည့် အတားအဆီးများရှိနေသည်။

မြန်မာနိုင်ငံ စုစုပေါင်း လူဦးရေ၏ (၁၃) ရာခိုင်နှုန်းရှိပြီး နိုင်ငံ၏ ဂျီဒီပီကို လက်ရှိတွင် (၂၅)ရာခိုင်နှုန်း ထုတ်ပေးနေသည့် ရန်ကုန်တိုင်းဒေသကြီးတွင် တိုးတက်မှု အမြင့်မားဆုံးဖြစ်သည်။ အခြားတိုးတက်မှုအချက်အချာနေရာများတွင် ဒေသတွင်း ကုန်သွယ်ရေး အခန်းကဏ္ဍနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့အတွက် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် ချိတ်ဆက်ရပ်ဝန်း လမ်းတစ်စင်း စီမံကိန်း (Belt and Road Initiative)တို့နှင့် ချိတ်ဆက်ထားသည့် မန္တလေးမြို့နှင့် မြို့တော်ဖြစ်သည့် နေပြည်တော်တို့ ပါဝင်သည်။ အခြားပိုမိုသေးငယ်သော အလယ်အလတ်မြို့ကြီးများသည်လည်း အရေးပါသော အခန်းကဏ္ဍရှိနေပြီး ပိုမို အသေးစိတ် ဆန်းစစ်လေ့လာမှုပြုပါက အကျိုးကျေးဇူးရရှိနိုင်သည်။



၂၁%

အထက်တန်းပညာရေး သို့မဟုတ် အဆင့်မြင့်ပညာ သင်ယူဖူးကြသူများ ရာခိုင်နှုန်း

မြို့ပြဒေသများရှိ ယေဘူယျ အလုပ်အကိုင်ရရှိနိုင်မှု အဆင့်မြင့်မားပြီး ခန့်မှန်းခြေ အမျိုးသား (၇၈.၂) ရာခိုင်နှုန်းနှင့် အမျိုးသမီး (၅၃.၅) ရာခိုင်နှုန်း ရှိကြသည်[6]။ ဤနှုန်းသည် အသက်အရွယ်အုပ်စု အားလုံးအတွက် ၂၀၀၅ ခုနှစ်က အခြေအနေထက် ပိုမိုမြင့်မားပြီး အမျိုးသမီးအများအတွက် ပိုမိုမြင့်မားတိုးတက်လာသည်ကို လည်း တွေ့မြင်ရသည် (ခြုံငုံနှုန်းထားမှာ အမျိုးသားများထက် နည်းနေသေးသော်လည်း)။ မြို့ပြလုပ်သားများမှ အချိန်ကြာမြင့်စွာ အလုပ်လုပ်ကြရပြီး တစ်ပတ်လျှင် ပျမ်းမျှအားဖြင့် (၅၃)နာရီ ရှိပြီး နိုင်ငံတဝန်းပျမ်းမျှ အလုပ်ချိန် (၄၀)နာရီ ထက် သိသိသာသာ ပိုမိုမြင့်မားနေသည်[7]။


ရန်ကုန်မြို့နှင့် မန္တလေးမြို့သည် ပုံမှန်ကဏ္ဍလုပ်သားများ (၆၀ ရာခိုင်နှုန်း) အရေအတွက် ထက်ဝက်ကျော်နှင့် စုစုပေါင်း တန်ဖိုးမြှင့် နှင့် ရင်းနှီးမြှုပ်နှံမှု ပိုင်ဆိုင်မှု၏ ၅၀ ရာခိုင်နှုန်းရှိကြပြီး နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ သုံးပုံတပုံကို ကိုယ်စားပြု နေသည်[8]။ ဤအလုပ်အကိုင်အခြေအနေ သိပ်သည်းမှု မြင့်မားခြင်းသည် ကုန်ထုတ်လုပ်မှု အလုပ်အကိုင်များတွင် အထူးသဖြင့် သိသာထင်ရှားပြီး ရန်ကုန်မြို့သည် အလုပ်အကိုင်အားလုံး၏ (၄၇)ရာခိုင်နှုန်းနှင့် မန္တလေးမြို့သည် (၁၆)ရာခိုင်နှုန်း ကိုယ်စားပြု ကြသည်။ အလွန်ကြီးမားသော စီးပွားရေးလုပ်ငန်းများသည် စက်မှုဇုန်များနှင့် ပိုမိုအခြေကျနေသည့် အခြေခံအဆောက်အဦ အထူးသဖြင့် လျှပ်စစ်ဓာတ်အားရရှိသည့် ရန်ကုန်မြို့တွင် တည်ရှိကြသည်။ အလုပ်အကိုင်ရရှိနှုန်း မြင့်မားပြီး အလုပ်ချိန် ကြာရှည်သော်လည်း အလုပ်အကိုင်အများစုမှာ ကုန်ထုတ်စွမ်းအား နည်းပါးပြီး လုပ်ခနည်းနည်းသာ ရရှိနိုင်ကြသည့် အိမ်တွင်းမှု လုပ်ငန်းများ သို့မဟုတ် လုပ်ငန်းငယ်လေးများမှသာ ဖြစ်ကြသည်။ ထိခိုက်လွယ်သော အားနည်းသည့်အုပ်စုများကို နည်းမျိုးစုံဖြင့် အကျိုးသက်ရောက်မှုရှိနေသည့် အဓိက ကန့်သတ်ချက်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

## အများစုမှာ လုပ်ငန်းကျွမ်းကျင်မှုမရှိခြင်းကြောင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်များ ရရှိရန် အဟန့်အတားဖြစ်စေသည်[9]။

လုပ်သားဈေးကွက်ထဲသို့ဝင်ရန် အဓိကအဟန့်အတားမှာ ကျွမ်းကျင်မှုမရှိခြင်းကြောင့်ဖြစ်သည်ဟု လုပ်ငန်းများက ဆိုပါသည်။ မြန်မာလုပ်သား ထက်ဝက်ကျော်မှာ ကျောင်းပညာ အလယ်တန်း မရောက်ကြပါ။ ၎င်းတို့အနက် (၂၀) ရာခိုင်နှုန်းက ကျောင်းမတတ်ဖူးပါ (သို့မဟုတ် ဘုန်းကြီးကျောင်းပညာရေးသာ တက်ခဲ့ရသည်) ဟုဆိုကြပြီး အခြား (၃၉) ရာခိုင်နှုန်းမှာ မူလတန်းပင် မပြီးခဲ့ဟု ဆိုကြသည်။ (၂၁)ရာခိုင်နှုန်းသာ အထက်တန်းပညာရေး သို့မဟုတ် အဆင့်မြင့်ပညာ သင်ယူဖူးကြသည်[10]။

6 World Bank, 2017, Poverty Study
7 MPLCS, 2015
8 မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ ၊ ၂၀၁၈။
9 Cunningham and Hertas 2017)
10 MPLCS, 2015

ပိုမိုထိခိုက်ခံရလွယ်သော အုပ်စုများအတွက် အဆင့်မြင့်ပညာ သင်ကြားခွင့်ရရှိရန်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်ယူနိုင်ရန် (မြို့ပြနေရာများ၌ သီးခြားလိုအပ်ချက် မဟုတ်သော်လည်း) အဟန့်အတားဖြစ်စေသည့် အခြားအကြောင်းရင်းများစွာ ရှိကြသည်။ ဆင်းရဲသားများ၌ ကလေးများသည် အလုပ်လုပ်ရန် လိုအပ်သဖြင့် ကျောင်းထွက်ကြရသည်။ မသန်စွမ်းသူများတွင်လည်း တစ်ခု သို့မဟုတ် တခုထက်ပိုသည့် မသန်စွမ်းမှုများရှိနေသည့် ကလေးများသည် အခြားကလေးများထက် ကျောင်းအပ်ခြင်း ပိုမိုနည်းပါးကြသည်ဟု လေ့လာမှုများက တင်ပြကြသည်။ ကျောင်းအပ်သော်ငြားလည်း ကျောင်းတွင် ခွဲခြားဆက်ဆံခံရသဖြင့် မသန်စွမ်းကလေးများကို ကျောင်းမှ ထွက်ကြရစေသည်[11]။



စည်းမျဉ်းစည်းကမ်းများဖြင့် ကြပ်မတ်သည့် တိုင်အောင် အမျိုးသမီးများက အမျိုးသားများ ထက် ဝင်ငွေ

၃၀%

ပိုနည်းကြသည်။

## အားလုံးပါဝင်နိုင်သည့် တိုးတက်မှုကို ပုံမှန်လမ်းကြောင်းမရှိခြင်းကြောင့် အကန့်အသတ်ဖြစ်စေသည်။

မြို့ကြီးများတွင် လူဦးရေအများဆုံးနေထိုင်ကြသည့်အတွက် အထူးသဖြင့် ပညာရေးနှင့် ကျွမ်းကျင်မှု နိမ့်ပါးသူ ဆင်းရဲသား များသည် အထူးသဖြင့် ပုံမှန်မဟုတ်သော အလုပ်အကိုင် ကဏ္ဍများတွင် အလုပ်လုပ်ကြရပြီး အများစုမှာ စီးပွားရေး လုပ်ငန်း အသေးစားများဖြစ်ကြသည်။ သုတေသန လေ့လာ ဆန်းစစ်မှုတစ်ခုက (၉၅)ရာခိုင်နှုန်းခန့်သော လုပ်သားများတွင် စာချုပ်ချုပ်ဆို ထားမှုမရှိကြဟု ခန့်မှန်းထားသည်။ ထိုတရားမဝင် အလုပ်အကိုင်များသည် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အကြား အတွေ့ရအများဆုံး အလုပ်အကိုင်ပုံစံဖြစ်သည်[12]။ ပုံမှန်မဟုတ်သော အလုပ်အကိုင် ကဏ္ဍတွင် အလုပ်လုပ်ကိုင် နေကြခြင်းဖြင့် လုပ်ခလစာသည် ပုံမှန်ကဏ္ဍများထက် နည်းပါးကြခြင်း၊ လုပ်ကိုင်နေကြသည့် လုပ်သားများသည်လည်း ပုံမှန်အားဖြင့် လူမှုရေးကာကွယ်စောင့်ရှောက်မှု၊ အလုပ်သမား စည်းမျဉ်းများနှင့် မလိုက်နာကြဘဲ ပြင်ပ ဂယက်များနှင့် ခေါင်းပုံ ဖြတ်ခံရခြင်းများကြောင့် ထိခိုက်လွယ်မှု မြင့်မားသဖြင့် အားလုံး ပါဝင်နိုင်သည့် တိုးတက်မှုအတွက် စိန်ခေါ်မှုများ ဖြစ်ပေါ်စေပါသည်[13]။

---

11 Eden Center for Disabled Children, 2015

12 2017 survey of Myanmar’s Micro, Small and Medium Enterprises, Ministry of Planning and Finance and UnU- WIDER, 2017)

13 Baker and Gadgil, 2017



အခြားဖွံ့ဖြိုးဆဲနိုင်ငံများမှာကဲ့သို့ မြန်မာနိုင်ငံ၌ ကျယ်ပြန့်လာနေသည့် ပုံမှန်မဟုတ်သည့် စီးပွားရေးကလည်း လုပ်သားဈေးကွက်ရှိ လူများစွာအတွက် ဝင်ငွေဖန်တီးပေးနိုင်သည့် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေသည်။ အလုပ်သမားများစွာ ဈေးကွက်၊ အသေးစားချေးငွေ ရယူနိုင်မှုနှင့် နောက်ဆုံးတွင် တရားဝင်ကဏ္ဍသို့ ကူးပြောင်းလာနိုင်စေရန် အလေးထားပြုပြင်ကြပ်မတ်မှု လိုအပ်နေသည်။

## လုပ်သားဈေးကွက်တွင်း ခွဲခြားဆက်ဆံမှုများက ထိခိုက်ခံရလွယ်အုပ်စုများကို အကျိုးသက်ရောက်စေသည်။

ဥပမာ မြန်မာနိုင်ငံတွင် လုပ်သားဈေးကွက်ထဲ ဝင်ရောက်ခြင်းနှင့် လုပ်ခများအပေါ် သက်ရောက်သည့် ခွဲခြားဆက်ဆံမှုများအကြောင်းကို ရေးသားထားသည့် စာတမ်းများတွင် တွေ့နိုင်သည်။ ခြုံ၍ဆိုရသော် စည်းမျဉ်းစည်းကမ်းများဖြင့် ကြပ်မတ်သည့် တိုင်အောင် အမျိုးသမီးများက အမျိုးသားများထက် ဝင်ငွေ (၃၀)ရာခိုင်နှုန်း ပိုနည်းကြသည်[14]။ အခြားနိုင်ငံများနှင့်မတူဘဲ မြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေများတွင် တူညီသောလုပ်အားအတွက် တူညီသော လုပ်ခ ရှင်းပေးရမည်ဟု စည်းမျဉ်း မသတ်မှတ်ထားပေ။ ထို့ပြင် အလုပ်ခန့်အပ်ရာတွင် လုပ်ခ ကွာဟမှုကို ဖြစ်စေနိုင်သည့် ကျားမ ခွဲခြားမှုမရှိစေရေး ပြဋ္ဌာန်းချက်လည်း မပါဝင်ပေ။

မသန်စွမ်းကလေးများ အတွက်မူ အသက်အရွယ် ငယ်စဉ်ကပင် မွေးစာရင်းရယူခြင်း၊ ကျောင်းအပ်ခြင်း၊ ကျောင်းနေခြင်း တို့တွင် အခက်အခဲများစွာဖြင့် စတင်ခဲ့သည်။ ဤသည်က ၎င်းတို့လုပ်သားဈေးကွက်ထဲကို ဝင်နိုင်ရန် စွမ်းရည်နှင့် လူ့အဖွဲ့အစည်းအတွင်း ကုန်ထုတ်လုပ်မှုများတွင် ပါဝင်နိုင်ရန် တို့ကို အကျိုးသက်ရောက်စေသည်။

**၉၅%**

လုပ်သားများတွင် စာချုပ်ချုပ်ဆို ထားမှုမရှိကြဟု ခန့်မှန်းထားသည်။ ထိုတရားမဝင် အလုပ်အကိုင်များသည် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအကြား အတွေ့ရအများဆုံး အလုပ်အကိုင် ပုံစံဖြစ်သည်။

14 ကျား၊မ အခြေပြု လုပ်ခလစာ ကွာဟခြင်းသည် စာတမ်းများစွာကို လေ့လာဆန်းစစ်မှုများအရ အကြောင်းရင်းများစွာ ရှိနိုင်သည်။ "အမျိုးသမီးများ၏ ကုန်ထုတ်အားကို နိမ့်ကျစေသော မလေ့လာရသေးသည့် သို့မဟုတ် မတိုင်းတာရသေးသည့်အကြောင်းရင်းများ (အထူးသဖြင့် စိုက်ပျိုးရေးလုပ်ဆောင်မှု မြင့်မားသည့် မြန်မာနိုင်ငံတွင် မြေယာအခြေပြု ကုန်ထုတ်လုပ်မှုတွင် မြေပိုင်ဆိုင်မှု၊ အချိန်ပိုင်းလုပ်သားများ သုံးရခြင်း စသည်)၊ အလုပ်ရှင် သို့မဟုတ် မိသားစု (သို့မဟုတ် မိမိကိုယ်တိုင်) က အကျိုးကျေးဇူးရှိသည့် အလုပ်ရွေးချယ်နိုင်မှု ၊ သို့မဟုတ် ကျား၊ မဖြစ်တည်မှုကြောင့် (အိမ်ထောင်ထိန်းသိမ်းရခြင်းနှင့် ကလေးပြုစုခြင်းတို့ကြောင့်) အလုပ်ချိန်ပြည့် မလုပ်နိုင်ခြင်းများ ရှိနိုင်သည်။ (World Bank 2011).





## မြို့ပြဆင်းရဲသားများအတွက် သဘာဝဘေးအန္တရာယ်၊ စီးပွားရေးနှင့် ကျန်းမာရေး ရိုက်ခတ်မှု ထိခိုက်နိုင်ခြေ မြင့်မားပြီး အိမ်ထောင်စုများ သက်သာချောင်ချိရေးအပေါ် ဆိုးရွားသော အကျိုးသက်ရောက်မှုများ ရှိနိုင်သည်။

သဘာဝဘေးအန္တရာယ်နှင့် စီးပွားရေး ရိုက်ခတ်မှုများကြောင့် စီးပွားရေးရာ အခြေအနေများ၌ အားလုံးပါဝင်နိုင်ခြင်းကို ဆိုးကျိုးသက်ရောက်များ ရှိနိုင်သည်ကို ပြသနေပြီး ဆင်းရဲနွမ်းပါးမှု လျော့ချရေးကိုလည်း နှေးကွေးစေသည်။ သဘာဝဘေးအန္တရာယ် ကျရောက်သောအခါ စီးပွားရေး မတည်ငြိမ်မှုများ ပေါ်ပေါက်လာပြီး ဆင်းရဲသားများအပေါ်တွင် သက်ရောက်မှု အဆိုးရွားဆုံး ဖြစ်သည်။ မြို့ပြဆင်းရဲသားများသည် နှစ်လိုဖွယ်မရှိသည့်နေရာများ၊ ဘေးအန္တရာယ်ကျရောက်လွယ်သော တောင်စောင်းများနှင့် ရေကြီးရေလျှံ ဖြစ်လေ့ရှိသောနေရာများတွင် အများအားဖြင့် နေထိုင်ကြသဖြင့် ထိခိုက်နိုင်ခြေ ပိုမိုမြင့်မားသည်။ စီးပွားရေးနှင့် ကျန်းမာရေး ရိုက်ခတ်မှုများမှာလည်း ပိုမိုသိသာထင်ရှားသည်။ မြို့ကြီးများရှိ ဝင်ငွေနည်း လူဦးရေများတွင် ကျေးလက်ဒေသများမှာကဲ့သို့ ၎င်းတို့အားထားရမည့် လူမှု ကူညီစောင့်ရှောက်ရေး အစီအစဉ်များ၊ မိသားစုကွန်ယက်များ၊ သို့မဟုတ် စိုက်ပျိုးရေး ထုတ်လုပ်မှုများ မရှိသဖြင့် ထိခိုက်နိုင်ခြေ များပြားစေသည်။ ဝင်ငွေပြောင်းလဲမှုကြောင့် ထုတ်ကုန်ပစ္စည်းများတွင် ရင်းနှီးမြှုပ်နှံမှု လျော့ကျသွားပြီး အနာဂတ်မျိုးဆက်များ၏ ပညာရေးကို အကျိုးသက်ရောက်နိုင်ပါသည်။

မြန်မာနိုင်ငံသည် ဆိုင်ကလုန်း၊ မြေငလျင်၊ ရေကြီးရေလျှံမှု၊ မြေပြိုမှု၊ ဆူနာမီနှင့် မီးတောင်အပါအဝင် သဘာဝဘေးအန္တရာယ်မျိုးစုံကို ကြုံတွေ့နိုင်ခြေ မြင့်မားသဖြင့် ဘေးအန္တရာယ်ထိခိုက်လွယ်မှုများသည့် နိုင်ငံများစာရင်းတွင် ထိပ်ဆုံးနီးပါး ရောက်နေသည်။ အိမ်ထောင်စုများအား ကျယ်ကျယ်ပြန့်ပြန့် စီးပွားရေးအရ အဓိက ရိုက်ခတ်မှုများမှာ ငွေလဲနှုန်း မတည်ငြိမ်ခြင်း၊ ဝယ်လိုအား၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ ပို့ဆောင်ရေး ကုန်ကျစရိတ် စသည့် ရိုက်ခတ်မှုများကြောင့် အခြေခံစားကုန်နှင့် လူသုံးကုန် ဈေးနှုန်းအတက်အကျဖြစ်စေသည်ဟု ဆိုကြသည်။ စားသောက်ကုန်၊ အခြားအခြေခံ လူသုံးကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု ဈေးနှုန်းများ တိုးမြင့်ခြင်းသည် အခြေခံ လိုအပ်ချက်များကိုသာ ရယူနေရသည့် အသားတင် “စားသုံးသူများ” ဖြစ်ကြသည့် ကျေးလက်နှင့် မြို့ပြနေရာများရှိ ဆင်းရဲသား အလုပ်သမားများအတွက် ပိုမိုခက်ခဲစေသည်။ (တစ်နိုင်ငံလုံးအတိုင်းအတာအရ) အိမ်ထောင်စုအဆင့်တွင် ကျန်းမာရေးမှာ အများဆုံး ပြောဆိုတင်ပြကြသည့် အကြောင်းအရာ ပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ (၈၀) ရာခိုင်နှုန်းက အတွင်းလူနာ (သို့) ပြင်ပ လူနာများနှင့် ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များကို တင်ပြကြသည်။ ၎င်းတို့အိမ်ထောင်စု၏ ကျန်းမာရေးဂယက်မှာ မိသားစုသာယာဝပြောရေးအတွက် ပြင်းထန်သော ဆိုးကျိုးသက်ရောက်မှု ရှိသည်ဟု အိမ်ထောင်စု (၅)ရာခိုင်နှုန်းက ဆိုကြသည်[15]။

15 MOPF and World Bank, 2017, An Analysis of Poverty in Myanmar



# အားလုံးပါဝင်နိုင်သည့် မြို့ပြနေရာ

## တန်ဖိုးသင့် အိမ်ယာများ၊ အခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှုများ ပံ့ပိုးပေးရာတွင် မြို့ပြ ဆင်းရဲသားများကို အထူးသဖြင့် အကျိုးသက်ရောက်မှုရှိနေပြီး လူနေမှု အဆင့်အတန်း မညီမျှမှုများ ဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံသည် မြို့ပြဖြစ်ထွန်းမှု၏ အစောပိုင်းကာလအဆင့်မျှသာရှိသေးသဖြင့် ကောင်းမွန်စွာ စီမံကိန်းချမှတ်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ တန်ဖိုးသင့် အိမ်ယာများနှင့် ကုန်စည်များနှင့် လူများ ရွှေ့ပြောင်းသွားလာနိုင်မှုကို အထောက်အပံ့ ပြုနိုင်သော မြို့ကြီးများကို ပုံဖော်နိုင်သည့် အရေးပါသည့် အခွင့်အလမ်းတစ်ခု ရရှိနေသည်။ မြို့ပြနေရာရရှိမှု မညီမျှမှု ပုံစံသည် အချို့သော အုပ်စုများကို အတည်တကျ နေထိုင်နိုင်ရန် အခက်အခဲတွေ့စေပြီး အထူးသဖြင့် လူနေသိပ်သည်းသည့် မြို့ကြီးများတွင် ပိုမိုအခက်အခဲဖြစ်စေပါသည်။ မြန်မာနိုင်ငံတွင် ထိခိုက်နိုင်ခြေရှိသော အုပ်စုများသည် ၎င်းတို့ နေထိုင်သည့်နေရာ သို့မဟုတ် ၎င်းတို့၏ နိုင်ငံသားဖြစ်တည်မှုအခြေအနေတို့ကြောင့် မြို့ပြဈေးများ၊ အိမ်ယာများနှင့် အခြား ဝန်ဆောင်မှုများကို ရရှိခံစားနိုင်ရန် အခွင့်အရေးမရှိဘဲ ခွဲခြားဖိနှိပ်ခံရမှုများ ရင်ဆိုင်နေရသည်။

## မြို့ပြနေရာနှင့်ပတ်သက်၍ စီမံချက်ရေးဆွဲခြင်းသည် လုပ်နိုင်စွမ်းကန့်သတ်ချက်များကြောင့် အကန့်အသတ်၊ အဟန့်အတား ဖြစ်နေကြသည်။

နေရာဆိုင်ရာ အစီအစဉ်မူဝါဒကို နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် မြို့နယ်များအဆင့်တို့၌ အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများ ရှိနေသည်။ မြို့ကြီးအများစုသည် မြို့ပြအဖြစ် ဖွံ့ဖြိုးတိုးတက်ရန် ပြည့်စုံပေါင်းစည်းထားသည့် မြေယာသုံးစွဲမှုနှင့် အခြေခံ အဆောက်အဦ စီမံချက်များမရှိကြပေ။ အစိုးရ၏ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အစိုးရအဖွဲ့အစည်းများ အချင်းချင်းအကြား တာဝန်နှင့်ဝတ္တရားခွဲဝေမှု ပြတ်ပြတ်သားသား တိတိကျကျ မရှိခြင်းက မြို့ပြမူဝါဒနှင့် စီမံချက်များ အကောင်အထည်ဖော်မှုကို အဟန့်အတားဖြစ်စေသည်။ အစိုးရ၏ ဖွဲ့စည်းပုံ အဆင့်ဆင့်တွင် စီမံကိန်းများ ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန် ကျွမ်းကျင်သည့် မြို့ပြစီမံကိန်း ရေးဆွဲသူ အနည်းငယ်သာရှိကြသဖြင့် နည်းပညာ စွမ်းဆောင်ရည် အကန့်အသတ်ရှိနေသည်မှာလည်း သိသာထင်ရှားနေသည်။

## မြို့ပြမြေယာစီမံခန့်ခွဲခြင်းသည် ရှုပ်ထွေးသဖြင့် မြေယာအတွက် ကုန်ကျစရိတ်ကြီးမား စေသည်။

မြေယာနှင့် ပစ္စည်း ဥစ္စာပိုင်ဆိုင်ခွင့် လုံခြုံရေးသည် စီးပွားရေဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးရာအခြေအနေများ၌ အားလုံးပါဝင်နိုင်ရန် ကျောထောက်နောက်ခံ ပြုထားသဖြင့် မြို့ပြဖွံ့ဖြိုးရေးတွင် အားလုံးပါဝင်နိုင်ရေးအတွက် မရှိမဖြစ်အရေးကြီးပါသည်။ မြေယာကို ကောင်းစွာ မစီမံပါက ဆက်စပ်ပြဿနာများမှသည် အငြင်းပွားမှုနှင့် အကျင့်ပျက်ခြစားမှုများ၊ မြေယာအရည်အသွေး ကျဆင်းခြင်းနှင့် လူမှု-စီးပွားရေးဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးနိုင်သည်။ မြန်မာနိုင်ငံတွင် သမိုင်းကြောင်းများကြောင့် မြေယာနှင့် ပိုင်ဆိုင်မှု ပစ္စည်းအခွင့်အရေး မလုံခြုံမှုများနှင့် ဆက်စပ်နေသော ကိစ္စရပ်များသည် ခွဲခြားဖိနှိပ်ထားမှုများနှင့် ဆက်စပ်နေပြီး အသက်မွေးဝမ်းကြောင်းများအတွက် ထိခိုက်ခံရနိုင်ခြေ မြင့်မားနေပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိမြေယာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် စိန်ခေါ်မှုများသည်  ဗြိတိသျှကိုလိုနီ နှင့် ယခင် အစိုးရအဆက်ဆက်ကတည်းက အခက်အခဲများဖြစ်ကြသည်။ မြေယာနှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ ဌာနအသီးသီး ပါဝင်နေခြင်း၊ ဌာနတစ်ခုနှင့် တစ်ခု လုပ်ဆောင်ချက်များ ထပ်နေခြင်း ထို့အပြင် မြေယာအမျိုးအစား ခွဲခြားသည့်စနစ် အားနည်းနေခြင်းတို့ ပါဝင်သည်။

၂၀၁၆ခုနှစ်တွင် ပိုမိုကောင်းမွန်သည့် အမျိုးသားမြေအသုံးချမှု မူဝါဒကို အစိုးရက ကျင့်သုံးခဲ့သည်။ သို့သော် ပြည့်စုံသောမြေယာ မှတ်ပုံတင်ခြင်းနှင့် တည်နေရာ ပထဝီသတင်းအချက်အလက်များမရှိခြင်း၊ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာအခွင့်အရေးများကို အသိအမှတ်ပြုရန်၊ ကာကွယ်ရန် တရားဝင်နည်းလမ်းမရှိခြင်း၊ သတင်းအချက်အလက်များ လွတ်လပ်စွာ ကြိုတင် သိရှိခွင့် (FPIC) ဖြစ်စဉ်ကို (မြန်မာနိုင်ငံ ဌာနေတိုင်းရင်းသားများအတွက် စိုးရိမ်ဖွယ် အရေးကြီးနေသည့်)၊ အစိုးရ မြေယာသိမ်းဆည်းမှုများ မြေယာအထူးအခွင့်အရေးများ ဓလေ့ထုံးတမ်း အခွင့်အရေးများနှင့် အခြားအခွင့်အရေးများကို ကိုင်ဆောင်သူများအပေါ် ကျော်လွှန်၊ ပယ်ဖျက်လိုက်သည့် မူဝါဒများ စသည့် ရှုပ်ထွေးမှုများရှိနေပြီး ကြားမြေယာပိုင်ဆိုင်ခွင့်အပါအဝင် ၎င်းတို့က အကောင်အထည်ဖော်မှုများကို ခက်ခဲစေသည်[16]။

16 FAO, 2016



အစိုးရဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နှင့် အချို့သော ပညာရှင်များက မြေယာ ဥပဒေ၊ မြေယာမူဝါဒနှင့် မြေယာဆိုင်ရာ စည်းမျဉ်းများအပေါ် အသိပညာနှင့် ချိန်ထိုးကိုင်တွယ်နိုင်မှု အားနည်းမှုများကြောင့် မြန်မာနိုင်ငံ၏ မြေယာကဏ္ဍတွင် အငြင်းပွားမှုများ၊ ပဋိပက္ခများ၊ နှင့် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေသည်[17]။

ယေဘုယျအားဖြင့် တန်ဖိုးသင့် အိမ်ရာများအတွက် မြေယာမှာ အကန့်အသတ်သာရှိသဖြင့် အိမ်ဈေးနှုန်းကို မြင့်မားစေသည်။ ၂၀၁၀ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် အကြီးစား မြေယာအစိတ်အပိုင်းများကို ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စစ်တပ်နှင့် ပတ်သက် ဆက်နွယ်နေသောသူများအား လွှဲပြောင်းပေးအပ်ခဲ့ရသဖြင့် တန်ဖိုးသင့် အိမ်ရာများ တည်ဆောက်ရန် အစိုးရပိုင် မြေယာများ ရှားပါးနေသည်။

စာတမ်းများတွင် မြို့ကြီးများရှိ မြေယာပိုင်ဆိုင်ခွင့်ကို အတားအဆီးဖြစ်စေသည့် အကြောင်းအရာများမှာ နိုင်ငံသားဖြစ်မှု (နိုင်ငံသားစိစစ်ရေးကတ်ဖြင့် နိုင်ငံသား အထောက်အထားရယူမှုသည် တိုင်းရင်းသားများလူနည်းစုနှင့် ဘာသာရေး လူနည်းစုများအတွက် ပိုမိုခက်ခဲနိုင်)၊ အမွေရရှိခြင်း၊ လွှဲပြောင်းခြင်း၊ ပိုင်ဆိုင်ခြင်း စသည့် စာရွက်စာတမ်းများ၊ ဗမာစာ တတ်မြောက်မှု၊ မြေယာ မှတ်ပုံတင်ခြင်းပြုလုပ်ရာတွင် ကုန်ကျစရိတ်ကြီးခြင်း စသည် တို့သည် ဝင်ငွေနိမ့်သို့ ဝင်ငွေ အလယ်အလတ်တန်းစား မိသားစုများကို အဟန့်အတားဖြစ်စေသည်[18]။ ဆင်းရဲသားအခြေချနေထိုင်သူများသည် တရားဝင်စာရွက်စာတမ်းများ၊ စည်ပင်သာယာဝန်ဆောင်မှုများရယူရာတွင် အဟန့်အတားရှိနေခြင်း၊ အိမ်အပေါ် ရင်းနှီးမြှုပ်နှံခြင်း၊ မိမိတို့လူမှုရေးအဆင့်အတန်းကို တိုးတက်စေခြင်းကို အဟန့်အတားရှိနေခြင်း၊ နှင်ထုတ်ခံရမည်ကို စိုးရိမ်နေခြင်း၊ အပြောင်းအရွှေ့ မသေချာမှု၊ တင်းမာမှုများ မြင့်စားစေခြင်း၊ လူမှုရေးပေါင်းစည်းညီညွတ်မှုကို အတားအဆီးဖြစ်စေခြင်း စသည်တို့ကြောင့် တရားမဝင်အခြေချနေထိုင်သူများအတွက်လည်း မြေယာလုံခြုံရေးသည်လည်း အကြီးအကျယ် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေသည်။

## တန်ဖိုးသင့် အိမ်ရာများကို ရရှိနိုင်ခွင့် အကန့်အသတ်သာရှိသဖြင့် တရားမဝင် ကျူးကျော်အခြေချနေထိုင်မှုကို ဖြစ်ပေါ်စေပါသည်။

မကြာသေးမီက မြို့ပြလူဦးရေတိုးတက်မှုနှင့် မြို့ပြမြေဈေးနှုန်းမြင့်မားမှုများကြောင့် မြို့ကြီးများ အထူးသဖြင့် ရန်ကုန်တွင် တန်ဖိုးသင့် အိမ်ယာများ အဓိကရှားပါးနေသည်။ စီးပွားရေးလွတ်လပ်ခွင့်ရရှိပြီးကတည်းက အထပ်မြင့်တိုက်ခန်းများ၊ အဆင့်မြင့် ကွန်ဒိုခန်းများကိုသာ ဆောက်လုပ်နေကြသဖြင့် တန်ဖိုးသင့် အိမ်ရာများနှင့် မြို့ကြီးများ၏ အခြေခံ အဆောက်အဦနှင့် ဝန်ဆောင်မှုများကို ပိုမိုအလေးပေးရန် လိုအပ်နေပါသည်။

ရန်ကုန်တွင် အိမ်ထောင်စု (၂၅) ရာခိုင်နှုန်းသာ ကွန်ဒိုများ၊ တိုက်ခန်းများ၊ နှင့် အုတ်အိမ်များကဲ့သို့ အိမ်ရာအခန်းများဖြင့် အဆင်ပြေပြေ နေထိုင်လျှက်ရှိသည်။ ("Pucca" အမျိုးအစားဟု သတ်မှတ်ထား) ကျန်ရှိနေသော အိမ်ထောင်စုများ၏ (၇၅) ရာခိုင်နှုန်းသည် pucca မကျတကျ သို့မဟုတ် မကြာခဏ ပြန်လည်ပြင်ဆင်ရန်လိုအပ်သည့် ယာယီ အဆောက်အဦများတွင် နေထိုင်ကြသည်။ ထို့အပြင် ဈေးနှုန်းတက်နေသဖြင့် အချို့ဝင်ငွေနည်း နေထိုင်သူများကို ပိုမို ဈေးသက်သာသော (အများအားဖြင့် ဆိုးဆိုးရွားရွား အခြေအနေရှိသည့်) အခန်းငှားရခြင်း သို့မဟုတ် အိမ်ငှားနိုင်ခြင်း မရှိတော့ဘဲ တရားမဝင် အခြေချ နေထိုင်ရသည့် ကျူးကျော်တဲများသို့ ပြောင်းရွှေ့ရခြင်း စသည့် ပိုမိုဆိုးရွားသော အခြေအနေသို့ ဆိုက်ရောက်စေသည်[19]။

17 Rhoades, 2017, Literature review, social inclusion in Myanmar
18 UN Habitat, 2018
19 International Growth Center, 2016

မြို့ပြလူဦးရေထဲတွင် တရားမဝင်အခြေချနေထိုင်သူများဆိုင်ရာ တစ်နိုင်ငံလုံးအဆင့် ကိန်းဂဏန်းအချက်အလက်များ မရှိသော်လည်း ဆင်းရဲသားရပ်ကွက်တွင် နေထိုင်သူမှာ မြန်မာနိုင်ငံ လူဦးရေ ၏ (၁၀-၁၅)ရာခိုင်နှုန်းခန့် ရှိသည်ဟု ခန့်မှန်းထားသည်[20]။ ရန်ကုန်မြို့တွင် တရားမဝင် အခြေချနေထိုင်သူများက ဝင်ရောက်နေသည့် စုစုပေါင်း ဧရိယာမှာ ခန့်မှန်းခြေ လူဦးရေ ၄၇၅၀၀၀ (သို့မဟုတ် အိမ်ထောင်စု ၁၅၅၀၀၀) ဖြင့် ၂၀၀၀ ဧက ကျော်ရှိသည်[21]။ မြို့ပြ၏ အစွန်အဖျားတွင် တရားမဝင် အခြေချနေထိုင်သူ သုံးပုံတပုံခန့်ရှိပါသည်[22]။ ထိုအခြေချနေထိုင်မှုများတွင် အိုးအိမ်အခြေအနေများမှာ ဆင်းရဲပြီး အိမ်ထောင်စု အများစုသည် သေးငယ်၍ အရည်အသွေးနိမ့်သည့် ယာယီအိမ်များတွင် အခြေခံဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့်သာ ရရှိနေပါသည်။ မြင့်မားလာသည့် အိမ်ယာ ရှားပါးမှု ပြဿနာကို ဖြေရှင်းရန် အစိုးရက ၂၀၃၀ခုနှစ်အမီ "အိမ်ခန်းပေါင်း (၁)သန်း" တည်ဆောက်ရန် "အိမ်အခန်း(၁)သန်း စီမံကိန်း"ကို အဆိုပြုထားပြီး စွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေးအခက်အခဲများကြောင့် အကောင်အထည်ဖော်မှု နှေးကွေးနေပါသည်။

မြန်မာနိုင်ငံတွင် အိမ်ယာအတွက် ဘဏ္ဍာရေးကို ရောင်းလိုအား (အိမ်ဆောက်လုပ်ရေး လုပ်ငန်းရှင်များအတွက် ဘဏ္ဍာရေး ပံ့ပိုးပေးခြင်း) နှင့် ဝယ်လိုအား (အိမ်ဝယ်သူများအတွက် ဘဏ္ဍာရေးပံ့ပိုးပေးခြင်း) မှာ မဖွံ့ဖြိုးသေးဘဲ ရှိနေသေးသည်။ မြန်မာနိုင်ငံတွင် အထွေထွေဘဏ္ဍာရေးစနစ် အကန့်အသတ်ရှိပြီး အခြေခံဘဏ္ဍာရေး ဝန်ဆောင်မှုများကို ရယူနိုင်မှု အလွန်အမင်းနည်းပါးသည်။ ဘဏ်အများစုထံမှ ဝင်ငွေမြင့် အိမ်ထောင်စုများသည်သာ အိမ်ဝယ်ယူရန်ချေးငွေ ရရှိနိုင်ပါသည်။ အိမ်ဈေးနှုန်းကို ကာမိသည့် လက်ခံနိုင်သော အာမခံပစ္စည်းရှိမှသာ ချေးငွေရရှိပြီး အိမ်ဈေးနှုန်းမှာလည်း အလွန်မြင့်မားသဖြင့် ဝင်ငွေနည်းလူဦးရေများကို ဘေးဖယ်ထားသလိုဖြစ်နေပါသည်။ ၂၀၁၃ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန (MoC) သည် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHDB) ၏ ဦးဆောင်စတင်မှုဖြင့် ဖွံ့ဖြိုးရေးဘဏ်တစ်ပိုင်း၊ အစိုးရတစ်ပိုင်း ပိုင်ဆိုင်မှုဖြင့် အိမ်ရာဆောက်လုပ်ရေး ဖွံ့ဖြိုးလာရေးအတွက် အလားအလာရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် အိမ်ပိုင်ရှင်များကို သင့်တင့်သော ချေးငွေထောက်ပံ့ရန်ရှိသော်လည်း လျှောက်ထားသူများပြားပြီး မဖြည့်ဆည်းပေးနိုင်ဘဲ ရှိနေပါသည်။

20 International Growth Center, 2016
21 GAD, 2017
22 Mapping Yangon , UN-Habitat and Cities Alliance, 2017



## မြို့ပြဒေသများရှိ အခြေခံအဆောက်အဦနှင့် အခြေခံဝန်ဆောင်မှုများမှာ လိုအပ်ချက်များပြား နေကြသည်။

၂၀၁၀ခုနှစ်နှင့် ၂၀၃၀ခုနှစ်အတွင်း မြို့ကြီးများရှိ အခြေခံအဆောက်အဦး လိုအပ်ချက်များ ပြည့်မီအောင် ဆောင်ရွက်ရန်မှာ ခန့်မှန်းခြေ (၁၄၆) ဘီလီယံ ဒေါ်လာ လိုအပ်မည်ဟု ခန့်မှန်းချက်တစ်ခုက ဆိုပါသည်[23]။ ဤခန့်မှန်းချက်အရ မြို့ပြ ငွေလုံးငွေရင်းရင်းနှီး မြှုပ်နှံမှု၏ လူနေအိမ်အိမ်ရာအတွက် (၆၀) ရာခိုင်နှုန်းနီးပါး၊ စီးပွားဖြစ် အိမ်ခြံမြေများအတွက် (၁၀) ရာခိုင်နှုန်းကျော်၊ အခြေခံအဆောက်အဦးများ ဖြစ်သည့် ရေ၊ ရေဆိုး၊ လျှပ်စစ်ဓာတ်အား၊ အမှိုက်စွန့်ပစ်မှု၊ လမ်းမကြီးများနှင့် အများပြည်သူ ကူးသန်းသွားလာရေးတို့အတွက် (၂၀)ရာခိုင်နှုန်းကျော် ၊ အခြေခံ အဆောက်အဦများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူ့ရဲတပ်ဖွဲ့များအတွက် အဆောက်အဦများကဲ့သို့သော လူမှုရေး ဝန်ဆောင်မှုများအတွက် (၅)ရာခိုင်နှုန်းကျော် လိုအပ်မည် ဖြစ်ပါသည်။ ဤခန့်မှန်းချက်သည် မှန်းခြေသာဖြစ်ပြီး တိကျသော အချက်အလက်အတွက် ထပ်မံလေ့လာရန် လိုအပ်မည်ဖြစ်သော်လည်း မြို့ကြီးများတွင် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များ ရှိနေသည်ဆိုသည့်အချက်မှာမူ သံသယ ဖြစ်ဖွယ်မရှိပေ။

တရားမဝင် အခြေချနေထိုင်သူများသည် အခြေခံဝန်ဆောင်မှုများကို ရယူနိုင်မှု အကန့်အသတ်ရှိသဖြင့် အများဆုံး ထိခိုက်နစ်နာကြသည်။ ဤအကန့်အသတ်များသည် ကျန်းမာရေး ညွှန်းကိန်းများနှင့်နေအိမ်အခြေစိုက် စီးပွားရေးလုပ်ငန်း အသေးစားများမှ ဝင်ငွေတိုးလာနိုင်စွမ်းကိုလည်း ဆိုးကျိုးရလဒ်များ ရှိစေပါသည်။ အစွန်အဖျားဒေသများတွင် နေထိုင်သောသူများသည် လမ်းမများသို့ အများပြည်သူသယ်ယူပို့ဆောင်ရေးက အကန့်အသတ်သာရှိပြီး အလုပ်၊ ဈေးနှင့် အချို့မြို့ပြ ဝန်ဆောင်မှုများကို ရယူရန် အတားအဆီး ဖြစ်စေပါသည်။

ယေဘုယျအားဖြင့် အမျိုးသမီးများသည် အခြေခံဝန်ဆောင်မှုများ လုံလောက်စွာ မရရှိခြင်း၏ အကျိုးသက်ရောက်မှုကို ခံစားရပါသည်။ အမျိုးသမီးများသည် မပြည့်စုံမလုံလောက်သည့် သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အဦမှတစ်ဆင့် ဘေးကင်း လုံခြုံရေးအတွက် အန္တရာယ်ရှိနေပါသည်။ မြန်မာနိုင်ငံ၏ ဆင်းရဲသားရပ်ကွက်များတွင် ကိုယ်ရေးကိုယ်တာ လုံခြုံမှုအရ မကြာခဏ ညအချိန်၌ ကြုံရာကျပန်း အညစ်အကြေးစွန့်လေ့ရှိသည့် အမျိုးသမီးနှင့် မိန်းကလေးများသည်လည်း အတိုက်အခိုက်ခံရနိုင်ခြေ ပိုမိုမြင့်မားပါသည်[24]။ မျှဝေသုံးစွဲရသည့် သန့်ရှင်းရေးစနစ်ရှိသော်ငြားလည်း အိမ်နှင့်ဝေးရာတွင် တည်ရှိနေသော အိမ်သာများတွင် ထိပါးနှောက်ယှက်ခံရခြင်းနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှု ကိစ္စရပ်များ ဖြစ်ပေါ်နိုင်ခြေ များနေသည်ဟု လေ့လာမှုများက ပြသနေပါသည်[25]။

23 McKinsey Global Insitute, 2013, Myanmar’s moment: Unique opportunities, major challenges. Note: These estimates assume that Myanmar’s large cities reach infrastructure levels in 2030 similar to what we see today in cities of comparable size in China, Indonesia, South Africa, and other developing countries

24 ၂၀၁၄ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း - နေအိမ်အခြေအနေနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအစိုးရ နှင့် UNFPA

25 Tacoli, 2012, Urbanization, Gender and Urban Poverty: Paid Work and Unpaid Carework in the City. International Institute for Environment and Development: United Nations Population Fund, London, UK



## မြို့ပြအတွင်းသွားလာမှု နှင့် သယ်ယူပို့ဆောင်ရေးသည် လူအများအပြားများအတွက် စိန်ခေါ်မှုများဖြစ်ကြသည်။

မြို့ပြရွှေ့လျားမှုသည် လူအများကို အလုပ်အကိုင်၊ ဝန်ဆောင်မှုများနှင့် မြို့ကြီးများ၏ အရင်းအမြစ်များကို ရယူနိုင်စေသဖြင့် မြို့ပြနေရာဆိုင်ရာ အခြေအနေများတွင် အားလုံးပါဝင်နိုင်သည့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်ပါသည်။ နေထိုင်သူလူဦးရေ၏ အချို့အစိတ်အပိုင်းများသည် ၎င်းတို့ နေထိုင်သည့် နေရာ၊ ကုန်ကျစရိတ်၊ ဘေးကင်းလုံခြုံခြင်းနှင့် ခွဲခြားဆက်ဆံမှု အလေ့အထများကြောင့် သွားလာလှုပ်ရှားရာ၌ အခက်အခဲများရှိလာလျှင် မြို့ပြဘဝတွင် ပါဝင်နိုင်ရန် အတားအဆီးဖြစ်လာစေပါသည်။ မြန်မာနိုင်ငံ၏ မြို့ပြသယ်ယူပို့ဆောင်ရေးများ အခြေအနေများသည် ၂၀၁၂ ခုနှစ်ကတည်းက အရှိန်အဟုန်ပြင်းစွာ ကျဆင်းနေခဲ့ပါသည်။ စီးပွားရေးပြန်လည်နာလန်ထူလာမှု၊ ၂၀၁၁ ခုနှစ် ယာဉ်တင်သွင်းမှုနှင့် လိုင်စင်များ၏ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့မှုများနှင့်အတူ အဓိက မြို့ကြီးများတွင် ပုဂ္ဂလိကပိုင် မော်တော်ယာဉ် အရေအတွက် လျှင်မြန်စွာ တိုးတက်လာခဲ့ပါသည်။ ရန်ကုန်တွင် ၂၀၁၂ ခုနှစ် နှင့် ၂၀၁၅ ခုနှစ်အကြား ယာဉ်အမျိုးမျိုးအရေအတွက် (၃၇) ရာခိုင်နှုန်း တိုးလာပြီး ကားအရေအတွက် နှစ်ဆဖြစ်သွားပါသည်။

ရန်ကုန်ပြင်ပ မြို့ကြီးများတွင်လည်း ကိုယ်ပိုင် မော်တော်ဆိုင်ကယ် အရေအတွက် တိုးမြင့်လာခြင်းကို ကြုံတွေ့ရပါသည်။ (ရန်ကုန်တွင် မြို့လယ်ခေါင်သို့ မော်တော်ဆိုင်ကယ်များ ဝင်ရောက်ခြင်းကို တားမြစ်ထားသည့်အတွက် မော်တော်ဆိုင်ကယ်အရေအတွက် နည်းသည်။) ကိုယ်ပိုင်ကား အရေအတွက် တစ်ဟုန်တိုး တိုးလာခြင်းကြောင့် အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက်ကို စိန်ခေါ်မှုများ ဖြစ်ပေါ်စေမှုများနှင့်အတူ ယာဉ်ကြောပိတ်ဆို့မှုသည် ချက်ချင်းဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ် အနေဖြင့် ပေါ်ထွက်လာခဲ့ပါသည်။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ လူနေထူထပ်သော ကျူးကျော်ရပ်ကွက်များနှင့် ပြန်လည် နေရာချထားရေး နေရာများတွင် အရေးပါသော စိန်ခေါ်မှု တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။ ရန်ကုန်ရှိ ကျူးကျော်ရပ်ကွက်အချို့တွင် အစိုးရ သို့မဟုတ် ရပ်ရွာ အသိုင်းအဝိုင်းက ခင်းပေးထားသည့် ရပ်ကွက်တွင်း ဆက်သွယ်ထားသည့် လမ်းများရှိကြသော်လည်း လမ်းအများစုမှာ လူသွားလမ်း မခင်းထားကြဘဲ လမ်းများ၏ (၁.၂) ရာခိုင်နှုန်းသာ ရေနုတ်မြောင်းရှိသည်။ ထိုနေရာများတွင် မိုးရာသီတွင် ရေကြီးရေလျှံမှု ဖြစ်လေ့ရှိပြီး (အခြားကိစ္စရပ်များစွာ အပြင်) သွားလာရေးကို အဓိက အကျိုးသက်ရောက်မှု ဖြစ်စေပါသည်[26]။

26 UN-Habitat and Cities Alliance, 2017





## မြို့ပြ ရေရရှိမှုနှင့် သန့်ရှင်းရေးစနစ် လွှမ်းခြုံနိုင်မှု နည်းပါးသေးသည့်အတွက် ကျန်းမာရေးအန္တရာယ်များကို ဖြစ်စေသည်။

မြို့ပြရှိ ရေရရှိမှုမှာ (၉၄) ရာခိုင်နှုန်းဖြစ်ပြီး (၁၈) ရာခိုင်နှုန်းသာ အိမ်အရောက် ပိုက်မှရေသွယ်နိုင်သေးသည်[27]။ အသုံးပြုနိုင်စွမ်း အချက်အလက်များသည် အခြားအရှေ့တောင်အာရှနိုင်ငံများ နှင့် နှိုင်းယှဉ်နိုင်သော်လည်း ကြိုတင်ကာကွယ်မှု ကျန်းမာရေး စောင့်ရှောက်မှုနှင့် ရေ/သန့်ရှင်းရေးစနစ် အခြေခံ အဆောက်အဦ ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးသည့်အတွက် ဝမ်းလျှောရောဂါ နှင့် ဆက်စပ်သည့်၊ ရေနှင့်နှင့်ဆက်စပ်သည့် ရောဂါပိုးမွှားများမှ တဆင့် ကူးစက်တတ်သည့် ရောဂါများစသည့် ကျန်းမာရေး အန္တရာယ်မှာ မြန်မာနိုင်ငံတွင် သိသိသာသာအဖြစ်များသည်။ မြန်မာနိုင်ငံရှိ မြို့ပြနေရာ အားလုံးနီးပါးတွင် မြို့ပြ အခြေခံ အဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးသည့်ဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေကြရသည်ပြီး ပိုမို သေးငယ်သော မြို့ကြီး များနှင့် မြို့များတွင် အခြေအနေမှာ အဆိုးဆုံးဖြစ်ကြသည်။ ထို့ပြင် မြို့ပြရေပေးဝေရေး အများစုတွင် ရေသန့်စင်စနစ် ပါဝင်နိုင်ခြင်း မရှိပါ။ ဘက်တီးရီးယား ညစ်ညမ်းမှုများ (ရောဝတီမြစ်ဝကျွန်းပေါ် မြေအောက်ရေတွင် အာဆင်းနစ်) များဖြင့် ညစ်ညမ်းမှုများ ရှိနိုင်သည်။ ကွန်ယက်စနစ် ဝန်ဆောင်မှုများသည် မြို့ငယ် တော်တော် များများ တွင် မရှိပါ။ နေထိုင်သူများသည် မိမိကိုယ်ပိုင် သို့မဟုတ် ဝေမျှ ရေအရင်းအမြစ်ကို ပြုလုပ်ဆောင်ရွက်ထားကြပြီး မကြာခဏ ဆိုသလို ဘေးမကင်းခြင်းနှင့် ရေရှည်တည်တံ့ ခိုင်ခန့်မှုမရှိပေ[28]။ မြို့ပြနေထိုင်သူများ၏ သုံးပုံတပုံသည် သောက်ရေသန့်အတွက် ရေသန့်ဘူးကိုသာ အားကိုးကြရသည်[29]။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင်ပင် ရေကို တစ်စိတ်တပိုင်းသာ သန့်စင်နိုင်ကြသည်။

သန့်ရှင်းရေးနှင့်ပတ်သက်ပြီး မြို့ပြဒေသများရှိလူဦးရေ (၉၆) ရာခိုင်နှုန်းသည် ရေဆွဲအိမ်သာ သို့မဟုတ် ယင်လုံတွင်းအိမ်သာ (MPLCS, 2015) ဖြင့် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစနစ်များ ရရှိနိုင်ကြသည်။ (ရန်ကုန်မြို့ မန္တလေးမြို့နှင့် နေပြည်တော်) သုံးမြို့သာ ရေဆိုးထုတ်ပိုက်စနစ် သို့မဟုတ် ဗဟိုရေဆိုး သန့်စင်စက်များရှိကြပါသည်။ ဤမြို့ကြီး သုံးမြို့၏ အပြင်ဘက်ရှိ အိမ်ထောင်စုအများစုမှာ ရပ်ကွက်များရှိ လူနေအိမ်များတွင် မိလ္လာကန်များရှိကြသော်လည်း ပုံမှန် ပြင်ဆင်ထိန်းသိမ်းခြင်း သို့မဟုတ် သန့်စင်ခြင်းများ မရှိကြပေ။ အိမ်များမှထွက်သော ရေဆိုးများကို သန့်စင်ခြင်း သို့မဟုတ် စနစ်တကျ စုဆောင်းခြင်း မရှိပေ။ ကျူးကျော်ရပ်ကွက်များတွင် ခေတ်မမီသည့် တွင်းအိမ်သာကိုသာ အသုံးပြုနေကြပြီး မိုးရွာသည့်အခါ ရေဆိုးများက မိုးရေနှင့်အတူ မြစ်ချောင်းများထဲသို့ စီးဆင်း သွားစေသည်။ ထို့အပြင် အသေးစား စီးပွားရေးလုပ်ငန်းများ နှင့် စက်မှုလုပ်ငန်းများ ဓာတုစွန့်ပစ်ပစ္စည်းများ (ပိုးနှင့် အထည် ယက်လုပ်ခြင်းတွင်သုံးသည့် ဆိုးဆေး ကဲ့သို့သော) ကို လမ်းဘေး မြောင်းများထဲသို့စီးဆင်းစေပြီး ဆိုးရွားပြင်းထန်သော သဘာဝ ပတ်ဝန်းကျင်သက်ရောက်မှုများ နှင့် ရေလမ်းကြောင်းနှင့် မြေအောက် ရေ ညစ်ညမ်းမှုတို့ကို ဖြစ်ပေါ်စေပါသည်။

27 UNICEF 2015, Delivering Results for Children 2015. Programme of Cooperation between the Government of the Union of Myanmar and UNICEF
28 Ibid
29 ADB, 2017



## အမှိုက်သိမ်းဆည်းသည့် စနစ်မှာ အထူးသဖြင့် ကျူးကျော်ရပ်ကွက်များတွင် အားနည်းချက်ရှိနေပြီး အလျင်အမြန် ဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။

အမှိုက်စွန့်ပစ်သိမ်းဆည်းသည့် လုပ်ငန်းများ မရှိပါက သဘာဝ ပတ်ဝန်းကျင်နှင့်ပြည်သူ့ကျန်းမာရေးအတွက် ဆိုးဆိုးရွားရွား ဖြစ်စေနိုင်သဖြင့် မြို့ကြီးများနှင့် တစ်ဦးချင်းစီ၏ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မရှိမဖြစ်အရေးကြီးပါသည်။ ၂၀၁၂ ခုနှစ် ကတည်းက အလျင်အမြန် စီးပွားရေးတိုးတက်မှု၊ သုံးစွဲမှုနှင့် ထုတ်လုပ်မှုပုံစံများ ပြောင်းလဲမှုတို့ကြောင့် စွန့်ပစ် အမှိုက်ထုတ်လုပ်မှု သိသိသာသာ မြင့်တက်လာသည်။ အမှိုက်သိမ်းခြင်းအတွက် လူအင်အားသုံးစွဲရပြီး အမှိုက်ပုံများမှာ မြေပြင် ဟင်းလင်းပြင်များတွင် တည်ရှိသည်။ အမှိုက်များမှ စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးပြုနိုင်ခြင်းကိုလည်း ပုံမှန်မဟုတ်သော ကဏ္ဍတစ်ခု အဖြစ်သာ အဓိက ဆောင်ရွက်နေသည်။ သိမ်းဆည်း ခြင်းမရှိသည့် အမှိုက်အမြောက်အမြားကို ရေမြောင်းများနှင့် တူးမြောင်းများထဲသို့ စွန့်ပစ်လိုက်သောကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေးကို ထိခိုက်နိုင်ခြင်း၊ ခြင်နှင့် အခြား ရေမှတဆင့် ကူးစက်တတ်သည့် ရောဂါပိုးများတို့ ပေါက်ဖွားစေသည်သာမက ရေစီးရေလာ ပိတ်ဆို့၍ ရေကြီးရေလျှံမှု ဖြစ်စေကာ ပျက်စီးဆုံးရှုံးမှု တိုးလာစေသည်[30]။ မြို့ပြဆင်းရဲသားတို့၏ အလုပ်အကိုင်ဖြစ်သည့် အမှိုက်သိမ်းဆည်းသည့် လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားတို့၏ ဘေးကင်းလုံခြုံရေး အစီအမံများမှာလည်း လုံလောက်မှုမရှိပေ။

ဆင်းရဲသားရပ်ကွက်များတွင်  စည်ပင်သာယာ၊ ရပ်ရွာ အသိုင်းအဝိုင်းမှ ကိုယ်ထူကိုယ်ထ လုပ်ဆောင်သော၊ သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍမှ ဦးဆောင်သည့် အမှိုက်သိမ်းဆည်းသည့် လုပ်ငန်းမှာ အနည်းငယ်မျှသာရှိပြီး အခြေအနေသည်လည်း ပိုမိုဆိုးရွားပါသည်။  စည်းမဲ့ကမ်းမဲ့အမှိုက်စွန့်ပစ်မှု အဖြစ်များ နေပြီး အမှိုက်များကို မသိမ်းဆည်းဘဲ ထားကြသည်။ ဆင်းရဲသားအများစုသည် အမှိုက်များကို မြေကွက်လပ်များ၊ လမ်းဘေးများ၊ မြစ်များ သို့မဟုတ် အိုင်များထဲသို့ စွန့်ပစ်ကြပြီး ရေနုတ်မြောင်းများ၏ ရေစီးရေလာ အခြေအနေကို ပိုမိုဆိုးရွား စေပါသည်[31]။ သို့သော် အိမ်ထောင်စုများမှ အမှိုက်များစွာသည် မသိမ်းဆည်းဘဲ ကျန်ရှိနေသော်လည်း ပလတ်စတစ်ကောက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည် သုံးစွဲကြခြင်းကြောင့် ပလတ်စတစ်အမှိုက်များအား  ပြန်လည် သုံးစွဲနိုင်ပြီး ယင်းမှာ မြန်မာနိုင်ငံရှိ အိမ်ထောင်စု ထောင် ပေါင်းများစွာ၏ ဝင်ငွေအရင်းအမြစ်လည်း ဖြစ်နေပါသည်[32]။

30 ADB, 2017a
31 UN-Habitat and Cities Alliance, 2017
32 Netherlands Enterprise Agency, 2017



## ရေနုတ်မြောင်းစနစ် မကောင်းမွန်ခြင်းကြောင့် မုတ်သုန်ရာသီအတွင်း ရေကြီးရေလျှံမှုကို ဖြစ်ပေါ်စေပြီး သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုအပေါ် ဆိုးရွားစွာ သက်ရောက်စေသည်။

သဘာဝဘေးဒဏ် ဖြစ်ပွားမှု မြင့်မားသော မြန်မာနိုင်ငံ၏ မြို့ပြဖြစ်ထွန်းမှုတွင် ပါဝင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်းခြင်းရာများအတွက် ခံနိုင်ရည်ရှိမှု ရှုထောင့်ဘောင်သည် အဓိကျပါသည်။ မြန်မာနိုင်ငံ မြို့ကြီးအများစု၏ အခြေခံ အဆောက်အအုံတွင် ရေလျှံမှုကို ထိန်းချုပ်သည့် ရေနုတ်မြောင်း များမရှိခြင်းကြောင့်၊ မုတ်သုန်ရာသီအတွင်း ပြင်းထန်သော ရေကြီးရေလျှံမှုကို ခံစားကြရပါသည်။ ရန်ကုန်မြို့တွင် တတိယတစ်ဆင့်ခံ ရေနုတ်မြောင်းစနစ်သည် အပြည့်အဝ ဆက်သွယ်စီးဆင်းမှု မရှိချေ။ ပင်မ နှင့် ဒုတိယတစ်ဆင့်ခံ ရေနုတ်မြောင်းစနစ်တို့သည် ပိတ်ဆို့နေပြီး မုတ်သုန်ရာသီတွင် ၀.၅ မီတာမှ ၁.၀ မီတာအထိ အနက်ရှိသော ရေကြီးရေလျှံမှုနှင့် ရေလွှမ်းမိုးမှုတို့ကို ဖြစ်ပေါ်စေပါသည်။ လုံလောက်စွာ စီးဆင်း မလည်ပတ်နိုင်သော ရေနုတ်မြောင်းစနစ်နှင့် ရေစုပ်ထုတ်ရေး စခန်းတို့မှာ မြို့တော်ဧရိယာ အပြင်ဘက်သို့ ရေပိုရေလျှံများကို မဖယ်ရှားပေးနိုင်ပေ[33]။ ရေသိုလှောင်ကန်များနှင့် တူးမြောင်းများ အရည်အသွေး ကျဆင်းမှုနှင့် ပြုပြင်ထိန်းသိမ်းခြင်း ကင်းမဲ့မှုများ သည် အညစ်အကြေးစုပုံခြင်းနှင့် မြို့ပြသန့်ရှင်းရေး ကဲ့သို့သော စိန်ခေါ်မှုများနှင့်အတူ ပြဿနာကို ပိုမိုကြီးထွားစေသည်။ မန္တလေးမြို့နှင့် အခြား ဒုတိယအဆင့် မြို့ကြီးများသည်လည်း အလားတူ စိန်ခေါ်မှုများကို ရင်ဆိုင်ကြရပါသည်။

ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများစွာတို့သည် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အရေးပေါ်လိုအပ်ချက်အတွက် မြို့ပြ ဖြစ်ထွန်းခြင်းဆိုင်ရာ ခံနိုင်ရည်ရှိမှုကို မြှင့်တင်ဆောင်ရွက်ရန် မီးမောင်းထိုးပြကြသည်။ အထူးသဖြင့် ထိခိုက်နိုင်ခြေ မြင့်မားသည့် ကျူးကျော်နေရာများအတွက် ရေနုတ်မြောင်းစနစ်၊ ရေကြီးရေလျှံမှု ကာကွယ်ရေးနှင့် ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ကနဦး သတိပေးစနစ် လိုအပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အကူအညီပေးမှုကို ဆောင်ရွက်လျက် ရှိပါသည်။

---

33 (fn. 33) ADB2017a



# အားလုံးပါဝင်နိုင်သည့် လူမှုရေး

## တန်းတူညီမျှမှုမရှိသော အခွင့်အလမ်းများက လူများစွာအပေါ် သက်ရောက်မှု ရှိသည်

လူမှုရေးတွင် အပြည့်အဝပါဝင်နိုင်ခြင်းမရှိသော ဘေးဖယ်ခံထားရသည့် လူအုပ်စုများကို မူလနေရပ်၊ လူမျိုးစု နှင့် ကျား၊ မ ဖြစ်တည်မှုအရ ခွဲခြားမှု မရှိစေဘဲ ပါဝင်နိုင်အောင် စောင့်ရှောက်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည်။ မြန်မာနိုင်ငံတွင် မြို့ပြအကြောင်းအရာနှင့် ဆက်နွယ်လျက် ဖယ်ထုတ်ခံရသည့် ထိခိုက်နိုင်ခြေမြင့်မားသော အားနည်းသည့် လူအုပ်စုငယ်အချို့ ရှိနေသည်။ ပြည်တွင်း ရွှေ့ပြောင်းသူများ၊ မြို့ပြနေဆင်းရဲသူဆင်းရဲသားများ၊ မသန်မစွမ်းသူများနှင့် အချို့သော လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများ ဖြစ်ကြသည်။ ကျား၊ မ ဖြစ်တည်မှုကို အခြေခံလျက် ခွဲခြားဖယ်ထုတ် ခံရသော လူနည်းစုများ (SOGI) လည်းရှိသည်။ သို့ရာတွင် သူတို့နှင့်ပတ်သက်၍ သတင်းအချက်အလက် ရရှိမှုနည်းပါးသည်[34]။

ဖယ်ထုတ်ခံရမှုကြောင့် ပညာရေးအခွင့်အလမ်း၊ အလုပ်အကိုင်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ အပေါ် သက်ရောက်နိုင်ပါသည်။

လူမှုဆက်ဆံရေးတွင် ဖယ်ထုတ်ခံရခြင်းကဲ့သို့ပင် တန်းတူညီမျှမှု မရှိခြင်းသည် မြို့ကြီးများတွင် ပိုမိုမြင့်မားပြီး လူဦးရေ သိပ်သည်း၍ လူနေထူထပ်သည့်အခြေအနေ၌ ပိုမိုထင်ရှား ပေါ်လွင်သည်။ မြို့ကြီးများတွင် စီးပွားရေးကောင်းမွန်သည့် မိသားစုများနှင့် အိမ်နီးချင်းကပ်လျက် ကျူးကျော် အခြေချမှုများ တည်ရှိသည်။ ထိုသူများအတွက် အဆိုပါအချက်များက များစွာအရေးပါသည်။ ဥပမာအားဖြင့် ပိုင်ဆိုင်ခွင့်၊ ဥပဒေကြောင်းအရ ဆောင်ရွက်ခွင့်၊ တက္ကသိုလ်တက်ရောက်ခွင့်၊ လျှပ်စစ်မီး လျှောက်ထားခြင်း၊ ကျန်းမာရေး အာမခံဝယ်ယူခြင်းတို့ပြုရန် နိုင်ငံသား စိစစ်ရေး ကတ်ပြား လိုအပ်သည်။ နိုင်ငံသားစိစစ်ရေး ကတ်ပြား မရှိသူများသည် မြေဝယ်ယူမှု၊ မြေရောင်းချမှု၊ လုံခြုံရေးဆိုင်ရာ အခွင့်အရေး ရရှိမှု၊ ဥပဒေအရ အကာအကွယ် ပေးခံရမှုနှင့် အမွေဆက်ခံနိုင်မှုတွင် အခက်အခဲကြုံရကြောင်း အစီရင်ခံကြသည်။ လူမှုဖူလုံရေး အစီအမံ၊ ထောက်ပံ့ကြေးနှင့် ပညာသင်ဆုများအတွက် လွှဲငွေ လက်ခံရာတွင်လည်း အခက်အခဲ ကြုံရကြောင်း အစီရင်ခံကြသည် (World Bank, 2017)။

34 (fn. 34) World Bank, Social Inclusion in Myanmar, 2017 draft paper.





## မြို့ပြ ရွှေ့ပြောင်းနေထိုင်သူများ

မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသူ အများစုမှာ အလုပ်ကြောင့် ပြောင်းရွှေ့သူ (၅၆%) သို့မဟုတ် ရွှေ့ပြောင်းသူများနှင့်အတူ လိုက်ပါရန် (မိသားစုဝင်များနှင့် အတူနေရန် ပြောင်းရွှေ့သူ ၃၈%) ပြောင်းရွှေ့ကြသည်။ ရွှေ့ပြောင်းလုပ်သား အများစုသည် အသေးစား လုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ ရွှေ့ပြောင်းလုပ်သားများ၏ ၇% တွင်သာ အလုပ်ဆိုင်ရာ စာချုပ်စာတမ်းရှိကြပြီး ထိုအချက်က ၎င်းတို့အပေါ် အမြတ်ထုတ်ရန် လွယ်ကူကြောင်း ဖော်ပြနေပါသည်။ ထို့ပြင် လက်ရှိ ဈေးကွက်နှင့် ပတ်သက်၍ သိရှိနိုင်မှု နည်းပါးခြင်း၊ ငွေကြေးကူညီမှု ရရှိရန် ခက်ခဲခြင်း၊ ဒေသခံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု အားနည်းခြင်း စသည့် စွန့်ဦးရွှေ့ပြောင်းသူများ ရင်ဆိုင်ရသည့် အခက်အခဲများစွာကို စာတမ်းများတွင် တွေ့ရှိရပါသည်[35]။

ရွှေ့ပြောင်းသူများနှင့် ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းချက်များအရ မြို့ပြဇရိယာများတွင် ဝန်ဆောင်မှု ရရှိရန် လစ်ဟာချက်များ ရှိနေသည်ကို သိရှိရပါသည်။[36] ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက မြို့ပြစီမံကိန်း ရေးဆွဲခြင်းနှင့် အခြေခံ ပြည်သူ့ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း စသည်တို့တွင် လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရွှေ့ပြောင်းသွားလာမှု ဖြစ်စဉ်သည် အရေးပါသော အကြောင်းရင်းတစ်ရပ်ဟု ကိုးကားဖော်ပြကြသည်။ ထို့ပြင် လိုအပ်သော အချက်အလက်များ မရရှိနိုင်ခြင်းသည် ရွှေ့ပြောင်းသူများကို အကူအညီပေးရန် အခက်အခဲ ဖြစ်စေသည်ဟု အစီရင်ခံကြပါသည်။



**14%**

of Myanmar migrant workers reported being in a situation of trafficking for forced labor

## မြို့ပြနေ ဆင်းရဲသူဆင်းရဲသားများ

မြန်မာနိုင်ငံတွင် မြို့ပြဆင်းရဲမှု သိသာထင်ရှားစွာ လျော့ကျနေပြီဟု ဆိုနိုင်သော်လည်း၊ မြို့ပြ ဆင်ခြေဖုံးတွင် နေထိုင်ကြသော ဆင်းရဲသည့် အိမ်ထောင်စုများစွာတို့သည် ဆင်းရဲချို့တဲ့စွာ နေထိုင်ကြရပြီး နေထိုင်မှု အခြေခံ လိုအပ်ချက်များ ပြည့်မီရန် ရုန်းကန်နေကြရသည်။ အဆိုပါ အိမ်ထောင်စုများသည် ကာလရှည်ကြာစွာ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများကို စားသုံးနေကြရပြီး ကျန်းမာရေးအတွက် ဝင်ငွေ၏ ပမာဏအတော်များများကို အသုံးပြုနေရသည်ဟု အချက်အလက်များက ပြဆိုသည်။

မြို့ပြနေ ဆင်းရဲသူဆင်းရဲသားတို့အတွက် ဘဏ္ဍာရေးတွင် အားလုံးပါဝင်ခြင်းဆိုသည်မှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ရန်ကုန်မြို့ရှိ ဆင်းရဲသော အိမ်ထောင်စုများအား စစ်တမ်း ကောက်ယူချက်အရ အိမ်ထောင်စုများ၏ ၈၆ ရာခိုင်နှုန်းသည် တရားဝင် မဟုတ်သည့် နေရာများမှ ငွေချေးယူကြပြီး၊ အတိုးနှုန်း ၂၀ ရာခိုင်နှုန်းအထက် ပေးကြရသည်ကို တွေ့ရသည်။ အတိုးနှုန်းမြင့်မားသည့် ကြွေးမြီတင်ရှိမှု ကျယ်ကျယ်ပြန့်ပြန့် တည်ရှိနေပါသည်။

35 (fn. 35) Fairlie and Woodruff 2010, OECD 2010, Marchand and Spiegel 2014

36 (fn. 36) World Bank, 2016, ရွှေ့လျားလှုပ်ရှားနေသော နိုင်ငံ - မြန်မာနိုင်ငံ၏ ဒေသနစ်ခုအတွင်း ပြည်တွင်း ရွှေ့ပြောင်းမှုအပေါ် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကြောင်းအရာအလိုက် အရည်အသွေးအခြေပြု လေ့လာချက်

ကျူးကျော်နေထိုင်သူများသည် ၎င်းတို့၏ ကလေးများကို စာသင်ကျောင်းသို့ စေလွှတ်ကြသော်လည်း၊ ကလေးများ အသက် ၁၃ နှစ်ကျော်ပြီးနောက်တွင် ကျောင်းထွက်မှု အလွန်များပြားသည်ကို တွေ့ရသည်။ သူတို့သည် ကျောင်းထွက်ပြီးနောက် တရားဝင်ပုံမှန်မဟုတ်သော အလုပ်ကဏ္ဍများတွင် အလုပ်လုပ်ကိုင်ကြသည်[37]။ မိန်းကလေးများသည် ယေဘုယျအားဖြင့် အထည်ချုပ်စက်ရုံများတွင် လည်းကောင်း၊ အိမ်အကူများအဖြစ်လည်းကောင်း အလုပ်လုပ်ကြပြီး၊ ယောကျ်ားလေးများသည် လမ်းဘေးဈေးဆိုင်များတွင်လည်းကောင်း၊ ပျံကျအလုပ်သမားများအဖြစ်လည်းကောင်း အလုပ်လုပ်ကြသည်။ မိန်းကလေးများစွာတို့သည် မောင်၊ ညီမလေးများအား ပြုစုစောင့်ရှောက်ရန် ကျောင်းထွက်ကြသည်။ ထိုသို့ကလေးထိန်းခြင်းဖြင့် မိဘများက အလုပ်လုပ်နိုင်မည် ဖြစ်သည်။ အဆိုပါ မိန်းကလေးများသည် ဝင်ငွေမရရှိသဖြင့် မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးအဖြစ် မကြာခဏ ယူဆခံကြရကြောင်း တွေ့ရပါသည်။

တရားဝင် စာရွက်စာတမ်း၊ နေရာထိုင်ခင်း စိတ်ချရမှုနှင့် ရာဇဝတ်မှုဆိုင်ရာ အခက်အခဲ စိန်ခေါ်မှုများလည်း တည်ရှိသည်။ မြို့ပြနေထိုင်သူများအနက် သိသာစွာများပြားသည့် လူဦးရေ၌ တရားဝင် စာရွက်စာတမ်း အထောက်အထားများ မရှိကြပေ။ ပုံမှန် မဟုတ်သော ကျူးကျော်နေထိုင်သူများအတွက် တရားဝင် စာရွက်စာတမ်းများရရှိနိုင်ရန် အခက်အခဲရှိပြီး၊ အကျိုးဆက်အားဖြင့် တရားဝင် အလုပ်အကိုင်၊ မြူနီစပါယ်ဝန်ဆောင်မှုနှင့် အသေးစား ချေးငွေများ ရရှိရန် အတားအဆီး ဖြစ်စေသည်[38]။ ဥပမာ အားဖြင့် စက်ရုံကြီးများတွင် အလုပ်လုပ်မည့်သူများအတွက် အမျိုးသား မှတ်ပုံတင်လက်မှတ် (NRC) လိုအပ်သည်။ မှတ်ပုံတင်ရရှိနိုင်ရန်အတွက် အမြဲတမ်းနေရပ်လိပ်စာလိုအပ်ပြီး၊ တရားမဝင် ကျူးကျော်ရပ်ကွက်များတွင် ငှားရမ်းနေထိုင်သူများအတွက် မည်သို့မျှ မဖြစ်နိုင်ပေ။

ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုများက ထိခိုက်လွယ်သော အားနည်းသည့် လူအုပ်စုများအား ဦးတည် ဖြစ်ပွားပါသည်။ ကျူးကျော်နေထိုင်မှု ကျယ်ပြန့်များပြားသည့် လှိုင်သာယာမြို့နယ် ကဲ့သို့သော နေရာများ၌ ရာဇဝတ်မှု ထူပြောသည်ဟု နာမည်ဆိုးဖြင့် ကျော်ကြားသည်။ ကျူးကျော်နေထိုင်သူ အများအပြားသည် ရာဇဝတ်မှုအန္တရာယ်၏ သားကောင်ဖြစ်ကြရသည်။ တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ရဲများ၏ တက်ကြွသော အခန်းကဏ္ဍကို မတွေ့ရခြင်းကြောင့် အသစ် ရောက်ရှိလာသော ကျူးကျော်နေထိုင်သူများသည် ပြစ်မှုများနှင့် ပတ်သက်၍ ရဲကိုလည်းကောင်း၊ ရပ်ကွက်အာဏာပိုင်များကိုသော်လည်းကောင်း သတင်းပို့ တိုင်ကြားလေ့ မရှိပေ။ ညအချိန်တွင် အမျိုးသမီးများ ကျူးကျော်နေထိုင်သူများ အခြေချရာအရပ်ရှိ လမ်းများပေါ် လမ်းလျှောက်သွားလာရန် စိုးရွံ့ကြသည်။ ၎င်းတို့သည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက ပြစ်မှုများအား တိုင်တန်းခြင်း နည်းပါးသည်။ သူတို့သည် ထိခိုက်နိုင်ခြေ မြင့်မားသူများ ဖြစ်ကြပြီး၊ ပြစ်မှုကျူးလွန်သူများ၏ လက်စားချေခံရမည်ကို ကြောက်ရွံ့ကြသည်။[39]

37 (fn. 37) YCDC and Save the Children, 2016
38 (fn. 38) မြန်မာ့ လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား အစီရင်ခံစာ ၊ ၂၀၁၅၊
39 (fn. 39) DIIS, 2017



## မသန်စွမ်းသူများ

ခန့်မှန်းခြေ လူဦးရေ ၂.၃ သန်း (သို့မဟုတ်) မြန်မာနိုင်ငံ လူဦးရေ၏ ၄.၆ ရာခိုင်နှုန်းခန့်သည် တစ်မျိုးမျိုးသော မသန်စွမ်းခြင်းကို ခံစားနေရကြောင်း သိရသည်။[40] မသန်စွမ်းသူများမှာ ပညာရေး၊ အလုပ်အကိုင် နှင့် ကျန်းမာရေးခံစားခွင့်တို့မှ ဖယ်ရှားခြင်း ခံကြရသည်။[41] မသန်စွမ်းသူများအကြား စာမတတ်မြောက်မှုမှာ သန်စွမ်းသူများအကြား စာမတတ်မြောက်မှုထက် ၁၀ ဆ မြင့်မား သည်။ မသန်စွမ်းသော ကလေးငယ်များသည် သင့်လျော်သော မွေးစာရင်း လက်မှတ်များ မရရှိကြဘဲ ရေရှည်တွင် လုပ်ငန်းခွင် ဝင်ရောက်ရန် ကန့်သတ်ခံရမှုများ တွေ့ကြုံရသည်။

## မြို့ပြဖွံ့ဖြိုးရေးအတွက် အဓိက သော့ချက် တာဝန်များအား ပြည့်မီစွာ ဆောင်ရွက်ရာ၌ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍတွင် စိန်ခေါ်မှုများ ရင်ဆိုင်ရသည်

မြို့ကြီးများတွင် အားလုံးပါဝင်နိုင်ရေး နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး တို့အား တည်ဆောက်ရာတွင် ခိုင်မာသော ဖွဲ့စည်း ဆောင်ရွက်မှု များနှင့် ကောင်းမွန်သော အုပ်ချုပ်မှုများ အဆင့်တိုင်းတွင် လိုအပ် သည်။ အထူးသဖြင့် ဒေသဆိုင်ရာ အဆင့်တွင် ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် နိုင်ငံရေး ကဏ္ဍ (ဆုံးဖြတ်ချက်ချမှုနှင့် တာဝန်ခံမှု အလွှဲအပြောင်း)၊ အုပ်ချုပ်ရေးကဏ္ဍ (စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်များ ခွဲဝေခြင်း) နှင့် ဘဏ္ဍာရေးကဏ္ဍ (အသုံးစရိတ်ဆိုင်ရာ တာဝန်ခံမှုနှင့် ဘဏ္ဍာရေး ရင်းမြစ်ဆိုင်ရာ ကိုယ်စားပြုမှု) တို့၌ ဗဟိုချုပ်ကိုင်မှုကို လျှော့ချထား သည်ကို တွေ့သည်။ နိုင်ငံတော်အဆင့် နှင့် ဒေသဆိုင်ရာအဆင့် အစိုးရများကို ဥပဒေကြောင်းအရ တည်ဆောက်ထားပြီး၊ ဥပဒေပြုရေး၊ ဘတ်ဂျက်အသုံးစရိတ် ရေးဆွဲရေး၊ အခွန် ကောက်ခံရေး၊ နှင့် အုပ်ချုပ်မှုအောက်ရှိ နယ်မြေများကို စီမံရေးစသည့် အခွင့်အရေးများ ပေးအပ်ထားသည်။

မြို့ပြဆိုင်ရာ လုပ်ငန်းဆောင်တာများကို ဒေသန္တရ အစိုးရများသို့ ခွဲဝေထားသော်လည်း၊ ဒေသဆိုင်ရာ အစိုးရများသည် မူဝါဒ/ မူဘောင် အကောင်အထည်ဖော်မှု၊ ဘဏ္ဍာရေးရင်းမြစ်၊ နည်းပညာစွမ်းရည်တို့တွင် အကန့်အသတ်များရှိသည့်အတွက် လက်တွေ့လုပ်ငန်း လုပ်ဆောင်ရာ၌ အတားအဆီးများ ရင်ဆိုင်ရသည်။ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ မျှတသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မှု မရှိခြင်း၊ မြေပြင်တွင် အစီအစဉ်များ အကောင်အထည်ဖော်ရန် နှင့် မူဝါဒချမှတ်ရန် လုံလောက်သည့် စွမ်းအား အရင်းအမြစ်များ မရှိခြင်း တို့သည် မြို့ပြဖွံ့ဖြိုးမှု မညီမျှချက်နှင့် မြို့ကြီးများအချင်းချင်းအကြား ကွာဟချက်များကို ဖြစ်ပေါ်စေနိုင်ပြီး၊ ထိုမှတစ်ဖန် လူမှုရေး တင်းမာမှုများ၊ ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများကို ဦးတည်စေနိုင်ပါသည်။

ဒေသန္တရ အစိုးရများသည် ပြည်ထောင်စု အစိုးရ၏ ဘဏ္ဍာငွေ ခွဲဝေလွှဲပြောင်းပေးမှုကို မှီခိုနေရဆဲ ဖြစ်သည်။ လက်ရှိတွင် ၉၀ ရာခိုင်နှုန်းသော အခွန်ဘဏ္ဍာများမှာ ထိုသို့သော လွှဲပြောင်းခွဲဝေမှု များ ဖြစ်သည်။ ရန်ကုန် နှင့် မန္တလေးကဲ့သို့ ပိုမိုကြီးမားသည့် မြို့ကြီး များတွင် အခွန်ဘဏ္ဍာ၏ ထက်ဝက်ကို အဆိုပါ ခွဲဝေပေးမှုများမှ ရရှိပြီး၊ ကျန်ထက်ဝက်ကို မိမိတို့ကိုယ်တိုင် ကောက်ခံရရှိသည်။ အခွန်ကောက်ခံခြင်းဆိုင်ရာ စီမံခန့်ခွဲမှုသည် ယေဘုယျအားဖြင့် အားနည်းလျက်ပင်ရှိပြီး၊ ပိုင်ဆိုင်မှုမှ အခွန်ငွေရရှိမှုသည် ဒေသန္တရ အခွန်ဘဏ္ဍာ၏ သေးငယ်သော အစိတ်အပိုင်းအဖြစ်သာ တည်ရှိနေ ပါသည်။

၂၀၁၁ ခုနှစ်မှ စ၍ မြန်မာနိုင်ငံ၏ နိုင်ငံတကာနှင့် ပြည်တွင်း ပုဂ္ဂလိက ရင်းမြစ်စီးဆင်းမှုသည် သိသာထင်ရှားစွာ မြင့်တက် လာပါသည်။ နိုင်ငံတကာ ပုဂ္ဂလိက ရင်းမြစ် စီးဆင်းဝင်ရောက်မှု တွင် ပြည်ပတိုက်ရိုက် ရင်းနှီးမှု (FDI) သည် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်များ အကြားတွင် ခြောက်ဆ မြင့်တက်လာသည်။ ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် နှိုင်းယှဉ်ပါက ပြည်တွင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုမှာ ဝေစုသေးငယ် သည်။ သို့ရာတွင် အိမ်ခြံမြေ၊ သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ် လုပ်ငန်းတို့တွင် အလွန်အမင်း မြင့်တက်လာသည်။ ထိုမြင့်မားမှု သည် မြို့ကြီးများအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်ပြီး၊ မြို့ပြ ဖြစ်ထွန်းမှုတွင် အားလုံးပါဝင်နိုင်ရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေး အတွက် ပုဂ္ဂလိက အခန်းကဏ္ဍကို အရှိန်အဟုန် မြှင့်တင်နိုင်မည် ဖြစ်သည်။

**၉၀%**

ဒေသန္တရ အစိုးရများက ပြည်ထောင်စု အစိုးရ၏ ဘဏ္ဍာငွေ ခွဲဝေလွှဲပြောင်းပေးမှုကို မှီခိုနေရသော ပမာဏ ရာခိုင်နှုန်း

40 (fn. 40). လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် ဖော်ပြသော မသန်မစွမ်းခြင်းဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက်သည် နိုင်ငံတကာစံနှုန်းများ၊ ကုလသမဂ္ဂ သတ်မှတ်ချက်များ နှင့် ကိုက်ညီမှုရှိပြီး၊ မျက်စိမမြင်ခြင်း၊ နားမကြားခြင်း၊ လမ်းမလျှောက်နိုင်ခြင်း၊ မှတ်ဉာဏ်ပျက်ယွင်းခြင်းနှင့် စိတ်အာရုံပျက်ယွင်းခြင်း စသည့် ကိုယ်တိုင် ဖော်ပြချက်များ ပါဝင်သည်။

41 (fn. 41) Ministry of Labour, Immigration and Population, 2017



# အားလုံးပါဝင်နိုင်သော၊ ရေရှည်တည်တံ့သည့် ယှဉ်ပြိုင်တိုးတက်နေသော မြို့ပြဖြစ်ထွန်းမှုတွင် ဦးစားပေး လုပ်ဆောင်ရမည့် ကိစ္စရပ်များ

ဖော်ပြပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံ မြို့ပြဖြစ်ထွန်းမှု အကြောင်းအရာသည် အစောပိုင်းအနေအထားတွင်သာ ရှိနေသေးပြီး၊ ယနေ့ဆောင်ရွက်သည့် မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုများသည် မြို့ကြီးများကို ပုံဖော်ရန် ဆယ်စုနှစ်များစွာ အချိန်ယူရဦးမည် ဖြစ်သည်။ မြို့ပြဖြစ်ထွန်းမှုတွင် ပါဝင်ရေး ဦးစားပေး ချဉ်းကပ်ဆောင်ရွက်ချက်များသည် မြို့ကြီးများတန်းတူ မျှတစွာ တိုးတက်ဖြစ်ထွန်းစေရန် အကူအညီပေးနိုင်မည်ဖြစ်ပြီး၊ နေချင်စဖွယ်ဖြစ်မှု၊ သာယာဝပြောမှုနှင့် ယှဉ်ပြိုင်လုပ်ဆောင်မှုကဏ္ဍများအတွက် အရေးပါသော အကျိုးကျေးဇူးကို ဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

စီးပွားရေး၊ နေရာနှင့် လူမှုရေးတွင် အားလုံးပါဝင်ရေး မူဘောင်သည် ဦးစားပေးမူဝါဒဆိုင်ရာ အကြံပြုချက် များစွာပါဝင်ပြီး၊ ကာလတို၊ ကာလလတ် နှင့် ကာလရှည်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ အကြံပြုချက်များစွာသည် အောက်ပါတို့အတွက် လိုအပ်သည်။

- လူအများ ရွှေ့ပြောင်းသွားလာမှု၊ ကုန်ပစ္စည်းများ စီးဆင်းမှုနှင့် ဝန်ဆောင်မှု အားလုံးအတွက် အခြေခံဆောင်ရွက်ချက်ကို ပေးစွမ်းနိုင်သော ရေရှည်တည်တံ့ခိုင်မြဲသော မြို့ပြအခြေခံ အဆောက်အအုံ နှင့် မြို့ပြအဆင့်မြှင့်တင်ရေး
- စီးပွားရေး၊ လူမှုဘဝနှင့် ကျန်းမာရေးတို့တွင် အပြောင်းအလဲ ရုတ်တရက်ကြုံဆုံရခြင်းကြောင့် ဖြစ်ပေါ်ရသော သက်ရောက်မှုများကို ကြံ့ကြံ့ခိုင်နိုင်မည့် ခံနိုင်ရည် တည်ဆောက်ခြင်း
- ရွှေ့ပြောင်းသူများနှင့် သီးခြားလူနည်းစုများအတွက် တရားဝင် အထောက်အထား စာရွက်စာတမ်းများ ရရှိစေရန် ပံ့ပိုးဆောင်ရွက်ခြင်း၊ အထူးသဖြင့် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် ဖယ်ထုတ်ခံထားရမှု နှင့် မြို့ပြအခွင့်အလမ်းမှ အကျိုးကျေးဇူး မရရှိနိုင်မှုများ စသည့် လူမှုရေးရာ ပြဿနာများကို ဦးတည်ဆောင်ရွက်ခြင်း
- စွမ်းရည်တည်ဆောက်ခြင်းနှင့် မြို့ပြဖွံ့ဖြိုးမှုအတွက် ဘဏ္ဍာငွေအသစ် ထောက်ပံ့ခြင်း

အဆိုပါ အကြံပြုချက်များကို ရယူလျက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ဆောင်ရွက်နိုင်မည့် သင့်လျော်သောလမ်းကြောင်းများကို ရှာဖွေခြင်း၊ အောင်မြင်မှုကို ဖော်ထုတ်ခြင်းနှင့် လုံလောက်သော နည်းပညာစွမ်းရည်နှင့် ဘဏ္ဍာရေးအထောက်အပံ့များနှင့်အတူ တည်ငြိမ်သော အုပ်ချုပ်မှုဆိုင်ရာ မူဘောင်တစ်ခု သေချာပေါ်ထွက်လာစေရန် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းပြီးမြောက်စေမည့် ဆောင်ရွက်ချက်များကို ထပ်ဆောင်းလုပ်ဆောင်ရန် လိုပါသည်။ ၎င်းတို့သည် ကမ္ဘာ့ဘဏ်နှင့် အခြားသော ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံအစိုးရအတွက် ပူးပေါင်းပံ့ပိုး လုပ်ဆောင်ရာတွင် ရင်ဆိုင်ရမည့် စိန်ခေါ်ချက်များ ဖြစ်ပါသည်။

## အလုပ်အကိုင် ဖန်တီးရန်နှင့် စီးပွားရေး အကြပ်အတည်းများအား ခံနိုင်ရည် ရှိစေရန် စီးပွားရေးတွင် အားလုံး ပါဝင်နိုင်မှုကို မြှင့်တင်ဆောင်ရွက်ခြင်း

ကျယ်ပြန့်သော မူဝါဒရှုထောင့်မှကြည့်ပါက အားလုံးအတွက် အဆင့်အတန်းမြင့်သော ပညာရေး ရရှိအောင် ဆောင်ရွက်ခြင်း၊ အကြီးစား စီးပွားရေးနှင့် အလုပ်သမား ဈေးကွက်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်ခြင်းနှင့် ဝင်ငွေမြင့်မားအောင် ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် စီးပွားရေးတွင် ပါဝင်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများစွာ ရှိနေသည်။ မြို့ပြအဆင့်တွင် စီးပွားရေးရှုထောင့်ဘောင်အရ အဓိက ဦးစားပေးရမည့် သော့ချက်နှစ်ခုကို တွေ့ရသည်။ တရားမဝင်ဘဲ ဆောင်ရွက်နေမှု မြင့်မားနေသည်ကို ဖြေရှင်းရန်နှင့် သဘာဝဘေးဒဏ်နှင့် စီးပွားရေး အပြောင်းအလဲ ရုတ်တရက် ကြုံတွေ့ရခြင်း အပေါ် တုန့်ပြန်နိုင်မှုကို တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်သည်။



## တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသည့် လုပ်ငန်းများတွင် လုပ်ကိုင်နေသူများအတွက် အခွင့်အလမ်းများ ဖန်တီးခြင်း

အလုပ်သမား ဈေးကွက်အတွင်း တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသည့် လုပ်ငန်းများ များပြားနေခြင်း ပြဿနာကို အပြည့်အဝ ဆွေးနွေးရန်မှာ ဤအစီရင်ခံစာက အပြည့်အဝ ဆွေးနွေးရန် မရည်ရွယ်ထားပါ။ မြန်မာနိုင်ငံတွင် ပုဂ္ဂလိက အခန်းကဏ္ဍကို မြှင့်တင်၍ အမျိုးမျိုးသော ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်းဖြင့် အလုပ်အကိုင်များ ဖန်တီးရန်မှာ အဓိက လုပ်ဆောင်ရမည့် အလုပ်ဖြစ်ပြီး၊ အတားအဆီးများနှင့် ရင်ဆိုင်နေရသည် (World Bank, 2018b)။ တရားဝင် မှတ်ပုံတင်ထားခြင်း မရှိသည့် လုပ်ငန်းများ သိသာထင်ရှားစွာ တည်ရှိနေသည့် ဖော်ပြပါ အုပ်စုများ (ဥပမာ၊ မြို့ပြနေ ဆင်းရဲသူ ဆင်းရဲသားများ၊ ရွှေ့ပြောင်းသူများနှင့် အမျိုးသမီးများ) အတွက် ဝင်ငွေတိုးတက်စေရန်နှင့် တရားဝင် ပုံမှန်အလုပ်အကိုင် ရရှိစေရန် လုပ်ဆောင်ရာတွင်၊ နေအိမ်အခြေပြု အလုပ်အကိုင်များကို လုပ်ကိုင် ဆောင်ရွက်နိုင်မည့် အခြေခံ အဆောက်အအုံများကို ဖြည့်ဆည်းပေးသည့် မြို့ပြအဆင့်မြှင့် တင်ခြင်း၊ အလုပ်ဈေးကွက်များ ရွေ့လျား စီးဆင်းမှု လွယ်ကူစေသော ပိုမို ကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးစနစ် ဖန်တီးခြင်း၊ မြို့ပြအခြေပြု စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် အရည်အသွေးကို ဖြည့်ဆည်းနိုင်သော ပညာရေးနှင့် လေ့ကျင့်ရေးတို့ကို ဆောင်ရွက်ပေးခြင်း၊ နှင့် အသေးစား စွန့်ဦးလုပ်ငန်းရှင်များအား အသေးစား ဘဏ္ဍာရေးထောက်ပံ့ခြင်း တို့ကို ဆောင်ရွက်ရန် လိုအပ်သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများမှ သက်ရောက်မှုများ သေချာပေါက် ပေါ်ပေါက်လာမည် ဖြစ်သော်လည်း၊ အောက်တွင် ဖော်ပြထားသည့် အကျဉ်းချုပ်ဇယား အစီအစဉ်အတိုင်း အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ခံနိုင်ရည်ရှိမှု တည်ဆောက်ခြင်း

မြန်မာနိုင်ငံသည် ဘေးဒဏ်သင့်မှုနှင့် ရင်ဆိုင်ရလေ့ ရှိသဖြင့်၊ စီးပွားရေး၌ အားလုံးပါဝင်ရေး ဆောင်ရွက်ရာတွင် ဘေးဒဏ် အန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုများ ကြုံဆုံရလေ့ ရှိသော ဘေးဖယ်ခံထားရသည့် လူအုပ်စုများအတွက် ခံနိုင်ရည်ရှိမှု တည်ဆောက်ရန် အရေးကြီးပါသည်။ ယင်းသို့ တည်ဆောက်ရာတွင် အခြေခံ အဆောက်အအုံ ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် ခံနိုင်ရည်ရှိကြောင်း အာမခံရန် လိုအပ်ပြီး၊ မြို့ပြဒေသများတွင် ကြီးမားသော ဘေးဒဏ်အန္တရာယ် စီမံခန့်ခွဲမှု နှင့် အာမခံစနစ် ဖန်တီးခြင်း၊ ဘေးဒဏ်အန္တရာယ် အစီအမံများ တိုးမြှင့်လုပ်ဆောင်ခြင်း နှင့် အစောပိုင်း သတိပေး စနစ်များ တပ်ဆင်ခြင်း တို့ကို ဆောင်ရွက်ရန် လိုအပ်သည်။ မြန်မာနိုင်ငံ အရှေ့တောင်အာရှ ဘေးဒဏ်အန္တရာယ် စီမံခန့်ခွဲမှု စီမံကိန်းသည် ရန်ကုန်မြို့တွင် အများပြည်သူဆိုင်ရာ အထောက် အကူပြုစနစ်များ အကောင်အထည်ဖော်ခြင်းနှင့် ရေနုတ်မြောင်း စနစ် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ နှင့် အစိုးရ၏ ဘေးဒဏ်အန္တရာယ် တုန့်ပြန်နိုင်မှု စွမ်းရည်ကို မြှင့်တင်ဆောင်ရွက်ခြင်း တို့ကို လုပ်ဆောင်ပြီး၊ ခံနိုင်ရည်ရှိမှု တည်ဆောက်ရန် ရည်ရွယ်ပါသည်။ ဘေးဒဏ်အန္တရာယ် အမြင့်မားဆုံး ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည့် မြို့ပြနေ ဆင်းရဲသူ ဆင်းရဲသားများနှင့် အခြားသော ဘေးဖယ်ခံ လူအုပ်စုများအတွက် အဓိက သော့ချက် ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည် ဖြစ်ပြီး၊ ယင်းတို့အထဲတွင် မြေပြင် လူမှုအဖွဲ့အစည်း အခြေပြု မြို့ပြအဆင့်မြှင့်တင်ခြင်း၊ နှင့် လူအများအတွက် ရာသီဥတု အပြောင်းအလဲ ကြုံဆုံရခြင်းနှင့် သက်ရောက်မှုကို လျော့ကျ သက်သာစေမည့် အစောပိုင်း သတိပေးစနစ် တည်ဆောက်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစီအစဉ်များ ပါဝင်ရမည် ဖြစ်ပါသည်။





## ဝင်ငွေနည်းပြည်သူများနှင့် ထိခိုက်နိုင်ခြေမြင့်မားသည့် အားနည်းသူများအတွက် မြေယာ၊ အိုးအိမ်နှင့် ဝန်ဆောင်မှုများကို သင့်တင့်မျှတစွာ ရရှိနိုင်မှု အခြေအနေ တိုးတက်ရေးဆိုင်ရာ နယ်ပယ်ရေးရာတွင် ပါဝင်မှုအား မြှင့်တင်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ၏ မြို့များတွင် လက်ရှိလိုအပ်နေမှုမှာ ရေရှည်တည့်တံ့ခိုင်မြဲမှုဖြစ်ပါသည်။ အထူးသဖြင့် လိုအပ်လျက်ရှိသောနေရာများတွင် ငွေကြေး တတ်နိုင်သောပမာဏဖြင့် ဝယ်ယူနိုင်ပြီး လုံခြုံစိတ်ချရသော၊ စိတ်ချရသော အိမ်ယာများ၊ ရေရှည် တည်တံ့ခိုင်မြဲသော အခြေခံအဆောက်အဦများနှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် နေရာအလိုက် မညီမျှမှုများကို လျော့ချနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းအသစ်များကို ဖွင့်လှစ်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်နိုင်ခြေများကို လျော့ချနိုင်ပါမည်။ ပေါင်းစပ်ထားသော အစီအစဉ်များကို အကောင်အထည်ဖော်ရန်အတွက် စွမ်းဆောင်ရည် တည်ဆောက်ထားရန်မှာလည်း အရေးပါလှပါသည်။ မြန်မာနိုင်ငံ အခြေအနေတွင် ရေရှည်တည်တံ့ခိုင်မြဲမှု အထူးသဖြင့် ခံနိုင်ရည်ရှိမှု ပါဝင်ပြီး အခြေခံ အဆောက်အဦ၏ မပြောင်းလဲနိုင်သော အကျိုးရလဒ်ကို ထည့်သွင်းစဉ်းစား၍ ပတ်ဝန်းကျင်ကို ညစ်ညမ်းမှု နည်းပါးနိုင်သည့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းဖြင့် ဆောင်ရွက်ရန်မှာလည်း အလွန်တရာမှ အရေးကြီးပါသည်။

## ရေရှည်တည်တံ့ခိုင်မြဲသော အခြေခံအဆောက်အဦးနှင့် တန်ဖိုးသင့်အိမ်ယာများကို တန်းတူမျှတစွာ ရရှိစေရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း

အခြေခံအဆောက်အဦတွင် တန်ဖိုးသင့် အိမ်ယာများ၊ မြို့ပြသယ်ယူပို့ဆောင်ရေး၊ ရေရရှိရေး၊ သန့်ရှင်းရေး၊ အညစ်အကြေးနှင့် ရေဆိုးပိုက်များ ပါဝင်ပါသည်။ အဆိုပါလိုအပ်ချက်များသည် အထူးသဖြင့် တရားမဝင် လာရောက်အခြေချ နေထိုင်သူများအတွက် အလွန်ပင်လိုအပ်လှပါသည်။ အဆိုပါ အခြေခံလိုအပ်သော အရာများထဲမှ မြေယာစီမံခန့်ခွဲမှု၊ မြို့ပြနှင့် မြေအသုံးချမှု စီမံခန့်ခွဲခြင်းတို့ကို ဖြေရှင်းခြင်းသည်လည်း အရေးပါသည်။ သင့်တင့်လျောက်ပတ်ပြီး စိတ်ချရသော သယ်ယူပို့ဆောင်ရေး ရရှိစေရန် ဆောင်ရွက်ခြင်းသည်လည်း အလုပ်အကိုင်အခွင့်အလမ်း အသစ်များ၊ ဝန်ဆောင်မှုများနှင့် လိုအပ်သော အရာတော်တော်များများကို ပိုမိုရရှိစေရန် ကူညီပေးပါသည်။ ထို့ကြောင့် အဆိုပါ ရင်းနှီးမြှုပ်နှံမှုများသည် မြို့များကြား ကွာခြားချက်ကို လျော့ချပေးနေစေနိုင်ပါသည်။

ဝင်ငွေနည်းပါးသော နေရာများအတွက် မြေပြင်အခြေပြုမြို့ပြ အဆင့်မြှင့်တင်ခြင်းသည် နေရာဒေသအလိုက် ပါဝင်ခြင်းကို မြှင့်တင်ခြင်းနှင့် လက်ရှိတွင် ဖြစ်ပေါ်နေသော မညီမျှမှုများကို ဖြေရှင်းခြင်းကို ကူညီရာတွင် ထိရောက်သော အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ လူထုနှင့် အမျိုးသမီးများ သို့မဟုတ် မသန်စွမ်းသူများ စသည့် အားနည်းသော အုပ်စုများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားနိုင်ရန် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့် ချဉ်းကပ်ပုံ နည်းလမ်းများဖြင့် ဆောင်ရွက်ရန် အရေးကြီးပါသည်။ ၎င်းတွင် အားလုံးတန်းတူ ချိတ်ဆက်နိုင်ရေး (universal access)၊ လုံခြုံရေးအတွက် လမ်းမီးများ ပိုမိုကောင်းမွန်စေခြင်းနှင့် အခြားနည်းလမ်းများ ပါဝင်နိုင်ပါသည်။ လူထုမှ ကိုယ်တိုင်ပါဝင်ဆောင်ရွက်စေခြင်းဖြင့် အဆိုပါဆောင်ရွက်မှုများသည် ရေရှည်တည်တံ့သည့် အကျိုးရလဒ်များ ရရှိနိုင်ကြောင်း ပြသခဲ့ပြီးဖြစ်ပါသည်။

မြို့ပြများတွင် လူဦးရေ တိုးပွားလာသောကြောင့် တန်ဖိုးသင့်အိမ်ယာများလိုအပ်ချက်သည်လည်း မြင့်မားလာသည်။

အထူးသဖြင့် ၄င်းလိုအပ်ချက်သည် ရန်ကုန်တွင် သိသာပါသည်။ လက်ရှိတွင် ကနဦး ဆောင်ရွက်နေသော "million homes plan" သို့မဟုတ် အိမ်ခြေမဲ့များအတွက် အစီအစဉ်များ ကဲ့သို့သော အိမ်ယာစီမံကိန်းများသည် အိမ်ခြေလိုအပ်ချက်များကို ဖြေရှင်းရာတွင် အရေးကြီးပြီး ဆောင်ရွက်ရန် လိုအပ်ပါသည်။ အိမ်ယာစီမံကိန်းများသည် ယုံကြည်စိတ်ချရပြီး ဈေးနှုန်းသင့်လျော်သော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများဖြင့် ချိတ်ဆက်ထားခြင်းဖြင့် အဆိုပါဒေသတွင် နေထိုင်သူများအတွက် နေရာထိုင်ခင်းနှင့် စီးပွားရေးတို့၌ ပါဝင်ခွင့်ရရှိစေမည် ဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံတွင်  မြို့ပြအဆင့်မြှင့်တင်ခြင်း (သို့) အင်ဒိုနီးရှားနိုင်ငံ၏ တန်ဖိုးနည်းအိမ်ယာများနှင့် အိမ်ခြေမဲ့များကို အဆင့်မြှင့်တင်ပေးခြင်း၊  နည်းလမ်းများသည် မြန်မာနိုင်ငံအတွက် အလွန်ပင်သင့်လျော်သော ဥပမာများ ဖြစ်ကြပါသည်။

## မြို့တော် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များပါဝင်သော မြို့ပြအဆင့်မြှင့်တင်ခြင်းအစီအစဉ်များ ရေးဆွဲခြင်း

မြို့တစ်မြို့၏ မြို့ပြတည်ဆောက်ပုံသည် အလုပ်များနှင့် ဝန်ဆောင်မှုများ ရရှိနိုင်မှုအပေါ် သက်ရောက်စေနိုင်သော အကြောင်းအရာများ အနက် တစ်ခုဖြစ်ပါသည်။ ဝင်ငွေနည်းပါးသူများ နေထိုင်သည့်နေရာသည် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းပေါ်တွင် မရှိပါက ၄င်းတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှုသည်လည်း နည်းပါးမည် ဖြစ်သည်။ ပေါင်းစပ်ထားသော စီမံကိန်းနည်းလမ်းများကို အသုံးပြုခြင်းသည် အခြေခံအဆောက်အဦးများနှင့် ဝန်ဆောင်မှုများကို ညီမျှစွာ လက်လှမ်းမီနိုင်ရေးကို ပိုမိုသေချာစေသည့် အဓိကနည်းလမ်းတစ်ခု ဖြစ်ပါသည်။

အထူးသဖြင့် မတူညီသောအစိုးရဌာနဆိုင်ရာ အဆင့်များကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းသော မြို့ပြစီမံကိန်းဆိုင်ရာ လက်ရှိအလေ့အကျင့်များနှင့် ရှုပ်ထွေးသော ဒေသန္တရဆိုင်ရာ အုပ်ချုပ်မှုများကို ထည့်သွင်းစဉ်းစားကြည့်လျှင် မြန်မာနိုင်ငံ၌ ပေါင်းစပ်ထားသော မြို့ပြစီမံကိန်း အကောင်အထည်ဖော်ရန် စွမ်းဆောင်ရည် တည်ဆောက်ခြင်းသည် အရေးကြီးပါသည်။ နိုင်ငံတော်အဆင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ အပြီးသတ်ထွက်ပေါ်လာခြင်းသည် နောင်တွင်ပူးပေါင်း ဆောင်ရွက်ကြရမည့် ကိစ္စရပ်များအတွက် အစပင် ဖြစ်ပါလိမ့်မည်။ စင်ကာပူနိုင်ငံ၏ အတွေ့အကြုံက ပူးပေါင်းစီမံကိန်းဆောင်ရွက်ခြင်းသည် မည်မျှထိရောက်စွာ အကောင်အထည်ဖော်နိုင်ကြောင်းနှင့် စီမံကိန်းလုပ်ငန်းစဉ်တစ်လျှောက် ပူးပေါင်းဆောင်ရွက်မှု အရေးကြီးပုံကို သရုပ်ဖော်ပြသခဲ့ပြီး ဖြစ်ပါသည်။





## အားနည်းသောအုပ်စုများ လူမှု အဖွဲ့အစည်းတွင် အပြည့်အဝ ပါဝင်နိုင်စေမည့် အခြေအနေများ တိုးတက်လာစေရန် အားလုံးပါဝင် နိုင်သော လူမှုအသိုင်းအဝိုင်းကို မြှင့်တင်ခြင်း

မြို့ပြများရှိ အချို့သော အုပ်စုငယ်များသည် အကြောင်းရင်းများစွာကြောင့် မြို့ပြဖြစ်ထွန်းမှု၏ အကျိုးကျေးဇူးများကို အပြည့်အဝ မရရှိကြသည့်အတွက် သီးခြားလူမှုရေးအစီအစဉ်များနှင့် မူဝါဒများသည် ၎င်းတို့ တရားဝင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေပြီး လူမှုရေးရာ ပါဝင်မှုကို မြှင့်တင်နိုင်ပါသည်။

## လူမှုရေးအစီအစဉ်များ ဦးတည်ဖော်ဆောင်ခြင်း

မသန်စွမ်းသူများ သို့မဟုတ် အသစ်ရောက်ရှိလာသည့်
ရွှေ့ပြောင်းသူများသည် အလုပ်အကိုင် ရှာဖွေရန် လိုအပ်သော
ကျွမ်းကျင်မှုများ သို့မဟုတ် အဆက်အသွယ် မရှိနိုင်သေးသည့်
အတွက် အဆိုပါအုပ်စုများကို အကူအညီပေးခြင်းကဲ့သို့သော
အစီအစဉ်များဖြစ်သည်။ မသန်စွမ်းသူများအတွက်မူ အခြား
နိုင်ငံများတွင် အားလုံးအသုံးပြုနိုင်မည့် အခြေခံအဆောက်အဦ
များနှင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများအား နည်းပညာ
ဆိုင်ရာ အဆင့်မြင့် ဒီဇိုင်းနည်းလမ်းများ ရေးဆွဲ အကောင်
အထည်ဖော်သည့် အလေ့အကျင့်ကောင်းများ သုံးစွဲနေကြပြီး
ဖြစ်ပါသည်။ အထူးရေးဆွဲထားသော ကျောင်းအစီအစဉ်များ
သည် ကျောင်းကို သွားရောက်တက်ရောက်ရန် မဖြစ်နိုင်သော
ကလေးအများစုအတွက် ကျောင်းတက်ရောက်နိုင်စေမည်
ဖြစ်ပါသည်။

မြို့ပြများတွင် ရွှေ့ပြောင်းသွားလာသူများအတွက် စီစဉ်ဆောင်ရွက်
ပေးခြင်းသည် အားလုံးပါဝင်နိုင်သည့် လူမှုရေးအတွက် အရေး
ကြီးပါသည်။ နိုင်ငံတကာတွင် တွေ့ရှိရသည့် အထောက်အထား
များအရ ရွှေ့ပြောင်းသွားလာသူများအနေဖြင့် ဝန်ဆောင်မှုများ
အသုံးမပြုနိုင်ရန် ချမှတ်ထားသည့် ကန့်သတ်မှုများကို ဖယ်ရှား
ပေးသည့် မူဝါဒများနှင့် ရွှေ့ပြောင်းသွားလာသူများကို ခွဲခြား
ဆက်ဆံသော စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု ပုံစံအမျိုးမျိုးကို
ဖြေရှင်းခြင်းတို့သည် ယဉ်ကျေးမှု အပြန်အလှန် ဖလှယ်ခြင်း
နှင့် နားလည်မှုကို မြှင့်တင်ပေးပြီး ခွဲခြားမှုများကို ဖြေရှင်းပြီး
ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက်မူ အသိပညာပေးခြင်း၊ ရွှေ့ပြောင်း
သွားလာသူများကို အလုပ်အကိုင် အခွင့်အရေးများနှင့် ချိတ်
ဆက်ပေးခြင်းကဲ့သို့သော အစီအစဉ်များဆောင်ရွက်ခြင်း၊
သင့်တင့်လျောက်ပတ်သော ချေးငွေ (သို့မဟုတ်) ထောက်ပံ့
ကြေးပေးသည့် အစီအစဉ်တို့ဖြင့် ရွှေ့ပြောင်းသွားလာခြင်းကို
အဆင်ပြေချောမွေ့စေခြင်းနှင့် သင့်တင့်လျောက်ပတ်သော
အိမ်ယာများသည် ရွှေ့ပြောင်းသွားလာသူများအတွက်
အပြောင်းအလဲကာလကို လွယ်ကူစေနိုင်မည် ဖြစ်ပါသည်။
ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံသည် ရွှေ့ပြောင်းသွားလာသူများ
အား ဦးစားပေးသည့် ချေးငွေအစီအစဉ်များ အပါအဝင်
ငွေကြေးထောက်ပံ့မှု ပုံစံအမျိုးမျိုး ပံ့ပိုးပေးခြင်းနှင့် ငွေကြေး
မတတ်နိုင်သူများအတွက် ခရီးသွားလာမှုဆိုင်ရာ ကုန်ကျစရိတ်
များနှင့် ဦးစားပေးချေးငွေများယူနိုင်သည့် အစီအစဉ်များ
ဆောင်ရွက်ထားရှိပါသည်။ တရုတ်နိုင်ငံ မြို့ပြရွှေ့ပြောင်းသွားလာ
ခြင်းစီမံချက် (ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် တရုတ်နိုင်ငံ
အစိုးရမှ ဆောင်ရွက်ခြင်း) တွင် အလုပ်အကိုင်ရရှိစေရေး
မဟာဗျူဟာအဖြစ် သတင်းအချက်အလက်များ၊ အလုပ်အကိုင်
ရရှိစေရေး အကူအညီများနှင့် အခြားဝန်ဆောင်မှုများပံ့ပိုးပေး
လျက်ရှိပါသည်။ အဆိုပါအစီအစဉ်များကို မြန်မာနိုင်ငံတွင်လည်း
ကျင့်သုံးဆောင်ရွက်နိုင်ပါသည်။

## ဥပဒေစာရွက်စာတမ်းများ အဆင်ပြေချောမွေ့စွာ ရရှိစေနိုင်ရေး

အခြားနိုင်ငံများမှ အထောက်အထားများအရ လူပေါင်းများစွာ
ရွှေ့ပြောင်းသွားလာကြခြင်းသည် အထူးသဖြင့် စီးပွားရေး
အရ ရွှေ့ပြောင်းလာကြခြင်းသည် ကောင်းမွန်ပြီး အကျိုးရလဒ်
ကောင်း ရနိုင်ပါသည် (ကမ္ဘာ့ဘဏ် ၂၀၀၉ခုနှစ်)။ လူအများ
ရွှေ့ပြောင်းသွားလာမှုကို ဟန့်တားလိုက်ခြင်းသည် မလိုလား
အပ်သော ထိပ်တိုက်တွေ့မှုကို ဖြစ်စေနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်
မှုနှင့် လူနေမှု အဆင့်အတန်းတွင် အခွင့်အရေးများ ဆုံးရှုံးခြင်းတို့ကို
ဖြစ်ပေါ်စေနိုင်ပါသည်။ ရွှေ့ပြောင်းသွားလာသူများအတွက်
ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခြေခံဝန်ဆောင်မှုများ ရရှိရန်
ဟန့်တားနေသည့် အခက်အခဲများကို ဖယ်ရှားပေးခြင်းနှင့် စီးပွားရေး၊
နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ခွဲခြားဆက်ဆံမှုပုံစံအမျိုးမျိုးကို
ဖြေရှင်းခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေနိုင်ပြီး လူမှုရေးတွင်
အားလုံးပါဝင်နိုင်မှုကို မြှင့်တင်နိုင်ပါသည်။

မြန်မာနိုင်ငံရှိ လူနည်းစုများအနေဖြင့် တရားဝင်စာရွက်စာတမ်းများ
ရရှိရန်ခက်ခဲနေသည့်အပေါ် ပြုပြင်မှုများ ပြုလုပ်ရန် လိုအပ်ပါသည်။
ဥပမာ စက်ရုံကြီးများတွင် အလုပ်ရရန် လိုအပ်သည့် နိုင်ငံသား
စိစစ်ရေးကတ်လျှောက်ထားရာတွင် အမြဲတမ်းနေထိုင်သည့်
လိပ်စာဖြင့်သာ ရရှိနိုင်သည်။ အဆိုပါမူဝါဒများသည် အားလုံး
ပါဝင်နိုင်မှုအပေါ် အတားအဆီးဖြစ်စေပြီး ဆင်းရဲမှုသံသရာကို
ဆက်လက်ဖြစ်ပေါ်စေပါသည်။

## အားလုံးပါဝင်နိုင်သော၊ အပြိုင်အဆိုင်ရှိပြီး ရေရှည်တည်တံ့သော မြို့ကြီးများ ဖြစ်ပေါ်လာစေရေးအတွက် အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးကောင်းမွန်စေခြင်း

မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုစနစ်၊ အားကောင်းသော အဖွဲ့အစည်းများနှင့် ကောင်းမွန်သောအုပ်ချုပ်မှုများဖြင့် ပွင့်လင်းမြင်သာ၍ တရားမျှတမှုရှိသည် ဆုံးဖြတ်ချက်များချမှတ်မှုသို့ ကူးပြောင်းရာတွင် ဒေသဆိုင်ရာအဆင့်များ ပူးပေါင်းပါဝင်နိုင်ရန် အားလုံးပါဝင်နိုင်သည့် နည်းလမ်းကအရေးကြီးသည်။ ထို့ပြင် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် မြို့ပြယှဉ်ပြိုင်မှု ပန်းတိုင်များလည်း ထားရှိရန်လိုအပ်ပါသည်။ အခြားအဓိကကျသော ကဏ္ဍများဖြစ်သည့် မြို့ပြစီမံကိန်းများ၊ ဝန်ဆောင်မှုများ စီမံခန့်ခွဲခြင်းနှင့် ပေးအပ်ခြင်း၊ ဒေသအလိုက်ပူးပေါင်း ဆောင်ရွက်စေခြင်းနှင့် မြို့ပြ ဖြစ်ထွန်းရေးအတွက် ဘဏ္ဍာရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ခြုံငုံမိသောနည်းလမ်းဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည်။

## အစိုးရဌာနဆိုင်ရာများကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခြင်းနှင့် မြို့ပြစီမံကိန်း၊ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုများ ပေးရာတွင် လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေခြင်း

လက်ရှိတွင် အစိုးရဌာနဆိုင်ရာများအကြား အပြန်အလှန် ကဏ္ဍအလိုက် စီမံခန့်ခွဲမှုနှင့် ပူးပေါင်းစီမံခန့်ခွဲခြင်းနှင့် ကဏ္ဍပေါင်းစုံအတွက် ခြုံငုံစီမံကိန်းရေးဆွဲခြင်းတို့၌ အထက် အောက်/ဘေးဘယ်ညာ ပူးပေါင်းဆောင်ရွက်မှု အားနည်းနေခြင်းက စီမံကိန်းများရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုများပေးရာတွင် အဟန့်အတားဖြစ်နေပါသည်။ အထက်အောက်/ဘေး ဘယ်ညာ/ကဏ္ဍလိုက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အဆင်ပြေ ချောမွေ့စေခြင်းတို့သည် ဒေသဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာရန်အတွက် အရေးကြီးပါသည်။ တစ်ချိန်တည်းတွင် အဆိုပါအရေးကြီးကဏ္ဍများကို အကောင်အထည်ဖော်ရန်အတွက် သင်တန်းများနှင့် နည်းပညာဆိုင်ရာ အကူအညီများမှတဆင့် စွမ်းဆောင်ရည် တည်ဆောက်ရန် လိုအပ်ပါသည်။

## အားလုံးပါဝင်နိုင်သော မြို့ပြဖြစ်ထွန်းရေးအတွက် ဒေသဆိုင်ရာ အစိုးရလုပ်ငန်းစဉ်များ တာဝန်ခံမှုရှိစေရေးအတွက် လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများမှ စီမံကိန်းများ ရေးဆွဲရာတွင် ပိုမိုပါဝင်လာစေခြင်း

မြို့ပြများတွင် မူဝါဒများ အားကောင်းလာစေခြင်း၊ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေခြင်းနှင့် လူမှုရေးဆိုင်ရာ တည်ငြိမ်မှုများ ရရှိလာစေအတွက် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တလျှောက်တွင် လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများမှ ပါဝင်ဆောင်ရွက်ရန် အရေးကြီးပါသည်။ လူမှုအဖွဲ့အစည်းများ ပါဝင်ခြင်းသည် ဦးစားပေးလိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်နေကြောင်းနှင့် ဒေသဆိုင်ရာအစိုးရသည် ကောင်းစွာလုပ်ငန်းလုပ်ဆောင်ကြောင်း သေချာစေပါသည်။ လက်ရှိတွင် DAOs များ၏ TDACs များတွင် အဖွဲ့ဝင် (၇)ယောက်ဖြင့် ဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့ဝင်များမှ (၄)ယောက်မှာ သွယ်ဝိုက်ရွေးချယ်ထားသည့် လူထုကိုယ်စားလှယ်များ ဖြစ်ပါသည်။ အဖွဲ့ဝင်အရေအတွက်ကို တိုးမြှင့်ခြင်းဖြင့် လူထုပါဝင်မှုကို မြှင့်တင်နိုင်ပါသည်။

## အားလုံးပါဝင်နိုင်သော မြို့ပြဖြစ်ထွန်းရေးအတွက် ဘဏ္ဍာရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အားလုံးခြုံငုံစေမည့်နည်းလမ်းကို အသုံးပြုခြင်း

စည်ပင်သာယာရေးဌာနများမှ ၄င်းတို့၏ ဝန်ဆောင်မှု ပံ့ပိုးပေးခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို ပြည့်မြောက်စေရန် အခွန်ဘဏ္ဍာငွေကောက်ခံခြင်း၊ ရသုံးမှန်းခြေ ငွေစာရင်းရေးဆွဲခြင်းနှင့် ဘဏ္ဍာရေး လုပ်ငန်းစွမ်းဆောင် ချက်များ အပါအဝင် SNG ဘဏ္ဍာရေး လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်လာစေရန်အတွက် အားလုံး ပါဝင်နိုင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန်မှာ အလွန်ပင် အရေးတကြီး လိုအပ်လှပါသည်။ အဓိက ဆောင်ရွက်ရမည့် သော့ချက်များဖြစ်သည့် SNG များကြား ကွာခြားချက်ကို လျော့ချပေးနိုင်သည့် အစိုးရဌာနများကြား အပြန်အလှန် ဘဏ္ဍာရေး လွှဲပြောင်းမှုနည်းလမ်းများ၊ SNGs များအနေဖြင့် ဒေသဆိုင်ရာ လိုအပ်ချက်များကို ပြည့်မှီဆောင်ရွက်စေနိုင်ရန် ကိုယ်ပိုင်ဝင်ငွေ ရရှိနိုင်မည့် အရင်းအမြစ်များ တိုးပွားလာစေခြင်း၊ တိုင်းဒေသကြီး အစိုးရအတွက် အဓိက အခွန်ရလမ်းဖြစ်လာမည့် ပိုင်ဆိုင်မှု အခွန်စနစ်ကို ပိုမိုအားကောင်းလာစေခြင်း၊ အားလုံးပါဝင်နိုင်သော မြို့ပြဖြစ်ထွန်းရေးအတွက် ပုဂ္ဂလိကကဏ္ဍ ဘဏ္ဍာငွေ ကျခံနိုင်သည့် အခွင့်အရေးများကို တိုးမြှင့်ခြင်းနှင့် Land Value Capture မြေ တန်ဖိုးမြှင့်တင်ထိန်းသိမ်းခြင်း စသော ဘဏ္ဍာရေးလုပ်ငန်းစဉ်များကို စတင်အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။

# နိဂုံး

ယခုအစီရင်ခံစာသည် မကြာသေးခင်က ပြုလုပ်ခဲ့ကြသည့် လေ့လာမှုများမှ သင့်လျော်သည့် ဗဟုသုတများကို လုံလုံလောက်လောက် စုစည်း တင်ပြထားပါသည်။ ယခု အစီရင်ခံစာသည် ရန်ကုန်မြို့အတွက် ဦးတည်ကာ မြန်မာနိုင်ငံတွင် အားလုံး ပါဝင်နိုင်သော မြို့ပြဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ရင်ဆိုင်ရမည့် အဓိက အခြင်းအရာများကို နားလည်စေနိုင်မည့် အခြေခံအချက်များကို ပံ့ပိုးပေးထားပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြို့ပြများအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်ရန်လိုအပ်ပြီး ပြုပြင်ပြောင်းလဲမှုများ ပိုမို ဆောင်ရွက်သွားရမည် ဖြစ်သည်။ ကမ္ဘာ့ဘဏ်နှင့် အခြား မိတ်ဖက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ မြို့ပြဖြစ်ထွန်းရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်လျက်ရှိပြီး ပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်နိုင်ရန် ပါဝင်လျက်ရှိသည်။ အစိုးရ၏ ပြင်းပြသည့် ကတိကဝတ်နှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောက်တွင် ဖော်ပြထားသော အနှစ်ချုပ်ဇယားပါ ခိုင်မာသည့် ပြုပြင်ပြောင်းလဲမှုအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။



## ဇယား (၁) အားလုံးပါဝင်နိုင်သည့် မြန်မာနိုင်ငံ မြို့ပြဖြစ်ထွန်းမှု အချိန်ကာလသတ်မှတ်ချက် ညွှန်းကိန်းအတွက် ဦးစားပေး မူဝါဒ အကြံပြုချက်များ

ရည်ညွှန်း သတ်မှတ်အချိန်ကာလ
ကာလတို (S): ၁-၂ နှစ်
ကာလလတ် (M): ၂-၃ နှစ်
ကာလရှည် (L): ၃-၅ နှစ်

| အခက်အခဲ | ရလာဒ် | ဦးစားပေးလုပ်ငန်းများ | ဦးဆောင် အဖွဲ့အစည်းများ |
|---|---|---|---|
| **အလုပ်အကိုင်ဖန်တီးရန် နှင့် ရုတ်တရက် ပေါ်ပေါက်သော အပြောင်းအလဲအပေါ် ခံနိုင်ရည်ရှိမှုကို ထိန်းကျောင်းနိုင်သည့် အားလုံးပါဝင်နိုင်သည့်စီးပွားရေးအား မြှင့်တင်ဆောင်ရွက်ခြင်း** | | | |
| စနစ်မကျမှု အခြေအနေ မြင့်မားခြင်းသည် အခွင့်အလမ်းများကို ကန့်သတ်ပြီး၊ ဖယ်ရှားမှုများနှင့် ဆက်စပ်နေခြင်း | ပုံသေမဟုတ်သည့် အလုပ်သမားများ၏ အခွင့်အလမ်းကို မြှင့်တင်ခြင်း | မြေပြင်လူ့အဖွဲ့အစည်းအခြေပြု မြို့ပြအဆင့်မြှင့်တင်ခြင်း(M)<br>• အန္တရာယ်များသည့် နေရာများ၊ လိုအပ်ချက်များနှင့် အဆင့်မြှင့်တင်မှု အစီအမံများ စတင်ဖော်ထုတ်ခြင်း (S)<br>• လိုအပ်သည့် ငွေကြေး ရရှိရန် လုပ်ဆောင်ခြင်း (S-M)<br>• အကောင်အထည်ဖော်ခြင်း (M-L)<br><br>အသေးစား လုပ်ငန်းများအတွက် အသေးစား ငွေချေး လုပ်ငန်းများနှင့် ချိတ်ဆက်မှုရှိစေရန် ဆောင်ရွက်ခြင်း (M-L)<br>• အသေးစား ငွေချေးလုပ်ငန်းများ အားကောင်းစေရန် လုပ်ငန်း ဆောင်ရွက်နိုင်သည့် ပတ်ဝန်းကျင်ဖန်တီးခြင်း၊ မက်လုံးပေးခြင်း (M-L)<br>• ကျား၊မ တန်းတူညီမျှ လက်လှမ်းမှီ အသုံးပြုနိုင်စေရန် သေချာစေခြင်း (M)<br><br>အလုပ်အကိုင်များနှင့် ဈေးကွက်များ ရွှေ့ပြောင်းနိုင်ရေး အတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံခြင်း (L)<br>• မြို့ပြအလုပ်အကိုင် အရည်အသွေးအတွက် ပညာရေးနှင့် လေ့ကျင့်ရေး (L)<br>• ထိခိုက်နိုင်ခြေ ရှိသော လူအုပ်စုများအား ဦးစားပေးခြင်း (S-M)<br>• ချိတ်ဆက်မှုနှင့် အရည်အသွေး တိုးတက်မြင့်မားစေရန် ရင်းနှီးမြှုပ်နှံခြင်း (L) | • ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများ (DAOs)/ မြို့တော် စည်ပင်သာယာရေး ကော်မတီများ (CDCs)<br>• ဆောက်လုပ်ရေး ဝန်ကြီးဌာန<br>• ပညာရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ရေကြီးရေလျှံမှု နှင့် အခြား သဘာဝ ဘေးဒဏ် အကြီးအကျယ် ကျရောက် နိုင်သော မြို့ကြီး များ၏ အချို့သော နေရာများ | သဘာဝဘေး အန္တရာယ်များအား ကြံ့ကြံ့ခိုင် နိုင်စွမ်းအား တည်ဆောက်ခြင်း | ဘေးအန္တရာယ်များသည့် နေရာများတွင် မြေပြင် လူ့အဖွဲ့အစည်း အခြေပြု မြို့ပြအဆင့်မြှင့်တင်ခြင်း (S-M)<br>• ရင်းနှီးမြှုပ်နှံမှုများအား ဖော်ထုတ်ခြင်းနှင့် ဦးစားပေးခြင်း (S)<br>• အကောင်အထည်ဖော်မှု စတင်ခြင်း (M)<br><br>ရေနုတ်မြောင်း/ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု (M-L)<br>• ထိခိုက်နိုင်ခြေ အမြင့်မားဆုံးနေရာများကို ဦးစားပေး ဖော်ထုတ်ခြင်း (S)<br>• အကောင်အထည် ဖော်ခြင်း (M)<br><br>ကြိုတင် သတိပေးစနစ်များ (S)<br>• ထိခိုက်နိုင်ခြေအရှိဆုံးသူများထံ ရောက်ရှိနိုင်မည့် နည်းလမ်းချဉ်းကပ်ပုံများအား ဒီဇိုင်းဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း (S) | • DAOs/ CDCs<br>• ဆောက်လုပ်ရေး ဝန်ကြီးဌာန<br>• လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန |

ရည်ညွှန်း သတ်မှတ်အချိန်ကာလ
ကာလတို (S): ၁-၂ နှစ်
ကာလလတ် (M): ၂-၃ နှစ်
ကာလရှည် (L): ၃-၅ နှစ်

| အခက်အခဲ | ရလာဒ် | ဦးစားပေးလုပ်ငန်းများ | ဦးဆောင် အဖွဲ့အစည်းများ |
|---|---|---|---|
| **ဝင်ငွေနိမ့်ပါးသူများနှင့် ထိခိုက်နိုင်ခြေမြင့်မားသည့် ပြည်သူများအတွက် မြေယာ၊ အိုးအိမ်နှင့် ဝန်ဆောင်မှုများကို သင့်တင့်မျှတစွာ ရရှိနိုင်မှု အခြေအနေတိုးတက်ရေးဆိုင်ရာ အားလုံးပါဝင်နိုင်သည့် မြို့ပြနေရာဖြစ်စေရန် မြှင့်တင်ဆောင်ရွက်ခြင်း** | | | |
| မြို့ပြအခြေခံ အဆောက်အအုံများ နည်းပါးနေခြင်းသည် ဆင်းရဲသောလူနေမှု အခြေအနေများ အတွက် အောင်မြင်သည့် မြို့ပြဖြစ်ထွန်းမှု တည်ဆောက်ရာတွင် အကန့်အသတ်ရှိနေခြင်း | ရေရှည်တည်တံ့ ခိုင်မြဲသော မြို့ပြအခြေခံ အဆောက်အအုံကို တန်းတူမျှတစွာ ရရှိ အသုံးပြုနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း | ရေရရှိရေး၊ သန့်ရှင်းရေး၊ လမ်း၊ ရေနုတ်မြောင်း၊ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု လိုအပ်ချက်အတွက် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု (M-L)<br>• သက်ရောက်မှု အများဆုံး ဖြစ်မည့် လိုအပ်သော နေရာများကို သတ်မှတ်ပြီး ဦးစားပေး ဖော်ထုတ်ခြင်း (S-M)<br>• ကျား၊မ အားလုံး၊ မသန်စွမ်းသူများအား အသိပေးတိုင်ပင် ဆွေးနွေးသည့် အားလုံးပါဝင်နိုင်သော ဒီဇိုင်းရေးဆွဲစေခြင်း (S)<br>• အကောင်အထည်ဖော်မှု စတင်ခြင်း (M-L) | • DAOs/ CDCs<br>• ဆောက်လုပ်ရေး ဝန်ကြီးဌာန<br>• သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MOREC) |
| တန်ဖိုးသင့် အိမ်ယာများ ရှားပါးခြင်းနှင့် တရားမဝင် ကျူးကျော် အခြေချ နေထိုင်သူ အရေအတွက် များပြားလာခြင်း | တန်ဖိုးသင့် အိမ်ယာများ အဆင့်မြှင့်ခြင်းနှင့် တိုးချဲ့ခြင်း | တည်ရှိဆဲ ကျူးကျော်နေရာများအား မြေပြင် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း (M-L)<br>• တန်ဖိုးသင့် အိမ်ယာစီမံကိန်းများ ဖော်ဆောင်ရေးအတွက် လိုအပ်ချက်ကို အကဲဖြတ် စစ်ဆေးခြင်း (S)<br>• ဝင်ငွေနည်း ပြည်သူလူထုအတွက် အဓိက ဦးတည် ဆောင်ရွက်ခြင်း (S)<br>• အိုးအိမ်လိုအပ်ချက်နှင့် ပံ့ပိုးမှုကို ဖြည့်ဆည်းနိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးခြင်း (M)<br>• ဝင်ငွေနည်း ဈေးကွက်အတွက် ပုဂ္ဂလိက ကဏ္ဍမှ လုပ်ဆောင်ရန် မက်လုံးပေး ချဉ်းကပ်ပြီး တိုးတက်အောင် ဆောင်ရွက်ခြင်း (S-M)<br>• အကောင်အထည်ဖော် ဆောင်ရွက်ခြင်း (L)<br><br>နိုင်ငံတော် မြေအသုံးချရေး မူဝါဒကို အကောင်အထည် ဖော်ခြင်း (S-M)<br>• အကောင်အထည်ဖော် ဆောင်ရွက်မှုအတွက် ဝန်ထမ်းများအား လေ့ကျင့် လုပ်ဆောင်စေခြင်း (S-M) | • DAOs/ CDCs<br>• ဆောက်လုပ်ရေး ဝန်ကြီးဌာန<br>• ဆောက်လုပ်ရေး နှင့် အိုးအိမ် ဖွံ့ဖြိုးရေးဘဏ် (CHDB)<br>• စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |
| မြို့ပြအစီအမံ ရေးဆွဲမှု အကန့်အသတ် ရှိခြင်းကြောင့် လူဦးရေ သိပ်သည်းခြင်း၊ ကသီကအောက် ဖြစ်ခြင်း၊ ဘေးရန် အန္တရာယ် ဖြစ်ပေါ် စေခြင်း၊ မညီမျှမှုများ ဖြစ်ပေါ်စေခြင်း များနှင့်အတူ မြို့ပြ ဖွံ့ဖြိုး တိုးတက်ရေး အခွင့်အလမ်းများအား ထိခိုက်ခြင်း။ | မြို့ပြ ဖွံ့ဖြိုးရေး အတွက် မြေယာ အစီအစဉ် ရေးဆွဲရာ၌ အားလုံးပါဝင် နိုင်သော ၊ ကြံ့ကြံ့ခံ နိုင်ရည် မြင့်မားသည့် မြို့ပြ ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ခြင်း | အဖွဲ့အစည်းများအကြား အစီအစဉ်များ ညှိနှိုင်းလုပ်ဆောင်ခြင်း (မြေအသုံးချမှု၊ သယ်ယူပို့ဆောင်ရေး၊ သဘာဝ ပတ်ဝန်းကျင်၊ ဘေးအန္တရာယ် အစီအမံအတွက်) (S)<br>• ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းချမှတ်လုပ်ကိုင်ခြင်း (S)<br>• ပထဝီနယ်ပယ်ဆိုင်ရာ အချက်အလက်နှင့် မျှဝေ ပလက်ဖောင်းအတွက် ရင်းနှီးမြှုပ်နှံခြင်း (ဥပမာ - နိုင်ငံတော်အဆင့် နယ်ပယ်ရေးရာ အချက်အလက် အခြေခံ အဆောက်အအုံဆိုင်ရာ အစီအမံ) (S)<br>• အစီအမံသည် ဂျဲန်ဒါ ကွဲပြားမှုနှင့် မသန်စွမ်းသူများ အတွက် အာမခံခြင်း<br><br>စွမ်းရည် တည်ဆောက်ခြင်း (M-L)<br>• ရေရှည် မဟာဗျူဟာအတွက် လိုအပ်ချက်ကို ဖော်ထုတ် ဆောင်ရွက်ခြင်း (M)<br>• အကောင်အထည်ဖော်ခြင်း (L) | • DAOs/ CDCs<br>• ဆောက်လုပ်ရေး ဝန်ကြီးဌာန<br>• လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန |

ရည်ညွှန်း သတ်မှတ်အချိန်ကာလ
ကာလတို (S): ၁-၂ နှစ်
ကာလလတ် (M): ၂-၃ နှစ်
ကာလရှည် (L): ၃-၅ နှစ်

| အခက်အခဲ | ရလာဒ် | ဦးစားပေးလုပ်ငန်းများ | ဦးဆောင် အဖွဲ့အစည်းများ |
|---|---|---|---|
| **ထိခိုက်နိုင်ခြေမြင့်မားသည့် အုပ်စုတို့အား လူမှုအဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လူမှုရေးတွင် အားလုံးပါဝင်မှုအား မြှင့်တင်ဆောင်ရွက်ခြင်း** | | | |
| လူအချို့သည် အလုပ်အကိုင် စျေးကွက်နှင့် ဝန်ဆောင်မှု ဆိုင်ရာများတွင် အပြည့်အဝ ပါဝင်လုပ်ကိုင်ခွင့် မရရှိခြင်း | ဘေးဖယ်ခံထားရသည့် အုပ်စုများဆီသို့ လူမှုရေး အစီအစဉ်များ ဦးတည် ဆောင်ရွက်လုပ်ကိုင်ခြင်း (ရွှေ့ပြောင်းသူများ၊ လူမျိုးစုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ) | ရွှေ့ပြောင်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် မသန်စွမ်းသူတို့ကို ဦးတည်လျက် အကူအညီပံ့ပိုးသည့် အစီအစဉ်များကို ဒီဇိုင်းရေးဆွဲခြင်း<br>• လိုအပ်ချက်များကို ဦးစားပေးဖော်ထုတ်ခြင်း (S)<br>• အစီအစဉ် ဒီဇိုင်းကို အကောင်အထည်ဖော်ခြင်း (M)<br><br>ကျား၊ မဖြစ်တည်မှုအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုများ အပါအဝင် အခြားသော ခွဲခြားဆက်ဆံမှုများအား ဖော်ပြခြင်း (S-M)<br>• အသိအမြင် မြှင့်တင်ခြင်း၊ ပညာပေးခြင်း (S)<br>• မူဝါဒ ပြင်ဆင်ခြင်း (M) | • DAOs/ CDCs<br>• အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန<br>• လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| စာရွက်စာတမ်း အထောက်အထားနှင့် မှတ်ပုံတင်မရှိသည့် ပြည်သူများအနေဖြင့် အလုပ်အကိုင်နှင့် ဝန်ဆောင်မှုများ ရရှိစေရေးတွင် အဟန့်အတားဖြစ်သည်။ | ဥပဒေနှင့်အညီ စာရွက်စာတမ်း အထောက်အထားများ ရရှိနိုင်ရန် ပံ့ပိုးဆောင်ရွက်ခြင်း | ရွှေ့ပြောင်းဝင်ရောက်မှု အခြေအနေနှင့် စပ်ဆိုင်သော အတားအဆီးများကို ဖယ်ရှားပြီး၊ တန်းတူမျှတမှုကို အာမခံချက်ပေးသော မှတ်ပုံတင်ကတ်ပြား စနစ်ကို ပြင်ဆင်ခြင်း (M)<br>• တန်းတူမျှတမှုကို ချဉ်းကပ် ဆောင်ရွက်သည့် ဒီဇိုင်းစနစ်ကို ဖော်ထုတ်ခြင်း (S)<br>• အကောင်အထည် ဖော်ခြင်း | • DAOs/ CDCs<br>• အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန<br>• ပြည်ထဲရေး ဝန်ကြီးဌာန |
| **အားလုံးပါဝင်သည့် ယှဉ်ပြိုင်တိုးတက်နေသော ရေရှည်တည်တံ့သော မြို့ကြီးများ ဖန်တီးရာတွင် မြို့ပြဖွံ့ဖြိုးရေးအတွက် အဓိက ကျသည့် ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးအခြေအနေများ သေချာစေခြင်း** | | | |
| မြေပြင်တွင် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေး အနေအထား တကွဲတပြားဖြစ်နေမှုက အဟန့်အတား ဖြစ်စေသည်။ | မြို့ပြစီမံခန့်ခွဲရေးနှင့် ဆုံးဖြတ်ချက် ချမှတ်ရန်အတွက် အစိုးရအဖွဲ့အစည်းများအကြားပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန် လုပ်ဆောင်ခြင်း။ | ချောမွေ့သော မြို့ပြစီမံခန့်ခွဲမှု၊ ဖြန့်ဖြူးမှု ဖြစ်စဉ် (S)<br>• အဓိက မြို့ပြ ဝန်ဆောင်မှု လုပ်ငန်းများ ထိရောက်စေရေးအတွက် စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းများနှင့် အကြံပေးချက်များ ဖော်ဆောင်ခြင်း (S)<br>• အဆင့်တစ်ခုချင်းတွင် ပြောင်းလဲအကောင်အထည်ဖော်ခြင်း (S-M)<br><br>အထက်အောက် ဌာနအချင်းချင်းနှင့် တန်းတူညီတူ ဌာနများအချင်းချင်းအကြား ပူးပေါင်းလုပ်ဆောင်မှု လိုအပ်ခြင်း (S-L)<br>• အဓိကသက်ဆိုင်သည့် အဖွဲ့အစည်းများ စာရင်းပြုစုခြင်းနှင့် သုံးသပ်ခြင်းနှင့် ပြုပြင်ပြောင်းလဲရန်အတွက် အကြံပြုခြင်း (S)<br>• အပြောင်းအလဲများကို ကာလအလိုက် သတ်မှတ် အကောင်အထည် ဖော်ခြင်း (M-L)<br><br>အကောင်အထည်ဖော်ရန်အတွက် အရည်အသွေး မြှင့်တင်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်း (M-L) | • DAOs/ CDCs<br>• ကဏ္ဍအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ |

ရည်ညွှန်း သတ်မှတ်အချိန်ကာလ
ကာလတို (S): ၁-၂ နှစ်
ကာလလတ် (M): ၂-၃ နှစ်
ကာလရှည် (L): ၃-၅ နှစ်

| အခက်အခဲ | ရလာဒ် | ဦးစားပေးလုပ်ငန်းများ | ဦးဆောင် အဖွဲ့အစည်းများ |
|---|---|---|---|
| **အားလုံးပါဝင်သည့် ယှဉ်ပြိုင်တိုးတက်နေသော ရေရှည်တည်တံ့သော မြို့ကြီးများ ဖန်တီးရာတွင် မြို့ပြဖွံ့ဖြိုးရေး အတွက် အဓိက ကျသည့် ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးအခြေအနေများ သေချာစေခြင်း** | | | |
| မြို့ပြ အစီအမံ ရေးဆွဲမှုများနှင့် အစီအစဉ်များသည် နိုင်ငံသားတို့၏ လိုအပ်ချက်နှင့် ကင်းကွာနေနိုင်ခြင်း | မြို့ပြ ဖွံ့ဖြိုးရေး အတွက် ပါဝင် နိုင်ရေး အစီအမံ ရေးဆွဲခြင်းကို စွမ်းအားမြှင့်တင် ဆောင်ရွက်ခြင်း | အားလုံးပါဝင်ရေး မြှင့်တင်ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန် လူ့အဖွဲ့အစည်းများ နိုင်ငံသားများနှင့် ထိတွေ့လုပ်ကိုင်ခြင်း (S)<br>• မြို့ပြအစီအမံနှင့် အစီအစဉ် ဒီဇိုင်းတွင် အဓိကနေရာမှ ပါဝင် ဆောင်ရွက်ခြင်း (S)<br>• သင့်လျော်သော ဝန်ထမ်းများကို သင်တန်းပေးခြင်း (S)<br>• ဝင်ငွေနည်းသော ပြည်သူလူထုများ ပါဝင်နိုင်ရန် အာမခံချက်ပေးခြင်း (S) | • DAOs/ CDCs<br>• ဆောက်လုပ်ရေး ဝန်ကြီးဌာန |
| ကြီးထွားလာသော မြို့ပြ လိုအပ်ချက်များ ကို ပြည့်မီရန်အတွက် ရရှိနိုင်သည့် ရင်းမြစ်များသည် လုံလောက်မှု မရှိခြင်း | မြို့ပြ ဖွံ့ဖြိုးရေး အတွက် ဘက် ပေါင်းစုံ ပါဝင်ပြီး တန်းတူမျှတ စေသော ဘဏ္ဍာရေး ထောက်ပံ့ခြင်း | ဒေသအလိုက် မညီမျှမှုများကို တန်းတူညီမျှအောင် လုပ်ဆောင်ရာတွင် အစိုးရဌာနများအကြား ငွေကြေး လွှဲပြောင်း ဆောင်ရွက်မှု ဖြစ်စဉ်များကို အသုံးပြုခြင်း (MS)<br>• ပြုပြင်ပြောင်းလဲရေးအတွက် ချဉ်းကပ် ဖော်ထုတ်စစ်ဆေး ဆောင်ရွက်ခြင်း (S)<br>• အကောင်အထည်ဖော်ခြင်း (M)<br><br>ပြည်တွင်း အခွန်ငွေ ရရှိမှု တိုးမြှင့်လုပ်ဆောင်ခြင်း (M-L)<br>• ပိုင်ဆိုင်မှုဆိုင်ရာ အခွန်ကောက်ခံမှု တိုးမြှင့်ရေးအတွက် အဆိုပြုချက်များ လုပ်ကိုင်ဆောင်ရွက်ရန် စစ်ဆေး အကဲဖြတ်ခြင်း (S)<br><br>ရန်ပုံငွေ အသုံးပြုရာတွင် ဒေသခံအမြင်ကို များများ အသုံးပြု ခြင်း (S)<br>• ပွင့်လင်းမြင်သာသော ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက် ခြင်း၊ အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်း (S)<br><br>ပတ်ဝန်းကျင် အခြေအနေ တိုးတက်ကောင်းမွန်စေရေး အတွက် ပုဂ္ဂလိက ကဏ္ဍမှ ဘဏ္ဍာငွေ အသုံးပြုမှု မြှင့်တင် ဆောင်ရွက်ခြင်း (M-L)<br>• တည်ရှိဆဲ အကျဉ်းအကျပ်ကို ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း (M-L)<br>• အရည်အသွေး မြှင့်တင်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်း (S-M)<br><br>ကြီးမားသော မြို့ကြီးများအတွက် အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြေတန်ဖိုး မြှင့်တင်နိုင်မှု (Land Value Capture) ကို စူးစမ်းလေ့လာခြင်း (S-M)<br>• အဓိက အခွင့်အလမ်းများကို ဖော်ထုတ်နိုင်ရန် စစ်ဆေး အကဲဖြတ်မှုများကို လုပ်ဆောင်ခြင်း (S)<br>• အကောင်အထည်ဖော်ခြင်း (M) | • စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန<br>• ကုန်သွယ်ရေး ဝန်ကြီးဌာန |

## ဇယား ၂ - အချိန်ကာလသတ်မှတ်ချက်ဖြင့် ဆောင်ရွက်ရမည့် မူဝါဒဆိုင်ရာအကြံပြုချက်များ

| ဆောင်ရွက်ရမည့် ကဏ္ဍ | ကာလတို ၁-၂ နှစ် | ကာလလတ် ၂-၃ နှစ် | ကာလရှည် ၃-၅ နှစ် |
|---|---|---|---|

**အားလုံးပါဝင် နိုင်သည့် စီးပွားရေး**

**မြေပြင် လူ့အဖွဲ့အစည်း အခြေပြု မြို့ပြ အဆင့်မြှင့်တင်ခြင်း**

- ထိခိုက်နိုင်ခြေ အမြင့်မားဆုံး နေရာများ၊ လိုအပ်ချက်များကို ဦးစားပေး ဖော်ထုတ်ခြင်းနှင့် အစီအစဉ်များ ရေးဆွဲခြင်း
- ဘဏ္ဍာငွေရရှိစေရန် ဆောင်ရွက်ခြင်း။
- စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

**အသေးစား လုပ်ငန်းများအတွက် အသေးစား ငွေချေးလုပ်ငန်းများ**

- ကျား၊မ တန်းတူညီမျှ လက်လှမ်းမှီ အသုံးပြုနိုင်စေရန် သေချာစေခြင်း။
- အသေးစား ငွေချေးလုပ်ငန်းများ အားကောင်းစေရန် လုပ်ငန်း ဆောင်ရွက်နိုင်သည့် ပတ်ဝန်းကျင် ဖန်တီးခြင်း၊ မက်လုံးပေးခြင်း။

**အလုပ်အကိုင်များနှင့် ဈေးကွက်များ ရွှေ့ပြောင်းနိုင်ရေး အတွက် သယ်ယူပို့ဆောင်ရေး ဆိုင်ရာ ရင်းနှီးမြှုပ်နှံခြင်း။**

**မြို့ပြအလုပ်အကိုင် အရည်အသွေးအတွက် ပညာရေးနှင့် လေ့ကျင့်ရေး။**

- ထိခိုက်နိုင်ခြေ ရှိသော လူအုပ်စုများအား ဦးစားပေးခြင်း။
- ချိတ်ဆက်မှုနှင့် အရည်အသွေး တိုးတက်မြင့်မားစေရန် ရင်းနှီးမြှုပ်နှံခြင်း။

**ရေနုတ်မြောင်း/ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု။**

- ထိခိုက်နိုင်ခြေ အမြင့်မားဆုံး နေရာများကို ဦးစားပေး ဖော်ထုတ်ခြင်း။
- စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

**အစောပိုင်း သတိပေးစနစ်များ။**

- ထိခိုက်နိုင်ခြေအရှိဆုံးသူများထံ ရောက်ရှိနိုင်မည့် နည်းလမ်း ချဉ်းကပ်ပုံများအား ဒီဇိုင်းဆွဲခြင်း နှင့် အကောင်အထည်ဖော်ခြင်း။

| ဆောင်ရွက်ရမည့် ကဏ္ဍာ | ကာလတို ၁-၂ နှစ် | ကာလလတ် ၂-၃ နှစ် | ကာလရှည် ၃-၅ နှစ် |
| --- | --- | --- | --- |
| **အားလုံးပါဝင်နိုင်သည့် မြို့ပြနေရာ ဖြစ်စေရန် မြှင့်တင် ဆောင်ရွက်ခြင်း** | | **ရေရရှိရေး၊ သန့်ရှင်းရေး ၊ လမ်း၊ ရေနုတ်မြောင်း၊ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု လိုအပ်ချက်အတွက် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု။** | |
| | တန်ဖိုးသင့် အိမ်ယာစီမံကိန်းများ ဖော်ဆောင်ရေးအတွက် လိုအပ်ချက်ကို အကဲဖြတ် စစ်ဆေးခြင်း။<br>ဝင်ငွေနည်း ပြည်သူလူထုအတွက် အဓိက ဦးတည်ဆောင်ရွက်ခြင်း။<br>ဝင်ငွေနည်း ဈေးကွက်အတွက် ပုဂ္ဂလိက ကဏ္ဍမှ လုပ်ဆောင်ရန် မက်လုံးပေး ချဉ်းကပ်ပြီး တိုးတက်အောင် ဆောင်ရွက်ခြင်း။ | **တည်ရှိဆဲ ကျူးကျော်နေရာများအား မြေပြင်အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း။**<br>အိုးအိမ်လိုအပ်ချက်နှင့် ပံ့ပိုးမှုကို ဖြည့်ဆည်းနိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးခြင်း။ | |
| | **နိုင်ငံတော် မြေအသုံးချရေး မူဝါဒကို အကောင်အထည် ဖော်ခြင်း။**<br>အကောင်အထည်ဖော် ဆောင်ရွက်မှုအတွက် ဝန်ထမ်းများအား လေ့ကျင့်လုပ်ဆောင်စေခြင်း။ | | စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ |
| | **အဖွဲ့အစည်းများအကြား အစီအစဉ်များညှိနှိုင်း လုပ်ဆောင်ခြင်း (မြေအသုံးချမှု၊ သယ်ယူပို့ဆောင်ရေး၊ သဘာဝ ပတ်ဝန်းကျင်၊ ဘေးအန္တရာယ် အစီအမံ အတွက်)။**<br>ပူးပေါင်း ဆောင်ရွက်ခြင်းလုပ်ငန်း ချမှတ်လုပ်ကိုင်ခြင်း။<br>ပထဝီနယ်ပယ်ဆိုင်ရာ အချက်အလက်နှင့် မျှဝေပလက်ဖောင်းအတွက် ရင်းနှီးမြှုပ်နှံခြင်း (ဥပမာ - နိုင်ငံတော် အဆင့် နယ်ပယ်ရေးရာ အချက်အလက် အခြေခံ အဆောက်အအုံဆိုင်ရာ အစီအမံ)။<br>အစီအမံသည် ဂျန်ဒါ ကွဲပြားမှုနှင့် မသန်စွမ်းသူများအတွက် အာမခံခြင်း။ | | |

| ဆောင်ရွက်ရမည့် ကဏ္ဍ | ကာလတို ၁-၂ နှစ် | ကာလလတ် ၂-၃ နှစ် | ကာလရှည် ၃-၅ နှစ် |
|---|---|---|---|
| လူမှုရေးတွင် အားလုံး ပါဝင်နိုင်မှုအား မြှင့်တင် ဆောင်ရွက်ခြင်း။ | လိုအပ်ချက်များကို ဦးစားပေးဖော်ထုတ်ခြင်း။ | **ရွှေ့ပြောင်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် မသန်စွမ်းသူတို့ကို ဦးတည်လျက် အကူအညီပံ့ပိုးသည့် အစီအစဉ်များကို ဒီဇိုင်းရေးဆွဲခြင်း။**<br>အစီအစဉ် ဒီဇိုင်းကို အကောင်အထည် ဖော်ခြင်း | |
| | **ကျား၊ မဖြစ်တည်မှုအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုများ အပါအဝင် အခြားသော ခွဲခြား ဆက်ဆံမှုများအား ဖော်ပြခြင်း။**<br>အသိအမြင် မြှင့်တင်ခြင်း၊ ပညာပေးခြင်း။ | အစီအစဉ် ဒီဇိုင်းကို အကောင်အထည်ဖော်ခြင်း။ မူဝါဒပြင်ဆင်ခြင်း။ | |
| | တန်းတူမျှတမှုကို ချဉ်းကပ် ဆောင်ရွက်သည့် ဒီဇိုင်းစနစ်ကို ဖော်ထုတ်ခြင်း။ | **ရွှေ့ပြောင်းဝင်ရောက်မှု အခြေအနေနှင့် စပ်ဆိုင်သော အတားအဆီးများကို ဖယ်ရှားပြီး၊ တန်းတူမျှတမှုကို အာမခံချက် ပေးသော မှတ်ပုံတင်ကတ်ပြားစနစ်ကို ပြင်ဆင်ခြင်း။**<br>စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ | |
| ကောင်းမွန်သော အုပ်ချုပ်မှု နှင့် ဘဏ္ဍာရေး | **ချောမွေ့သော မြို့ပြ စီမံခန့်ခွဲမှု၊ ဖြန့်ဖြူးမှု ဖြစ်စဉ်**<br>အဓိက မြို့ပြဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စေရေး အတွက် စစ်ဆေး အကဲဖြတ်မှု လုပ်ငန်းများနှင့် အကြံပေးချက်များ ဖော်ဆောင်ခြင်း။ အဆင့်တစ်ခုချင်းတွင် ပြောင်းလဲ အကောင်အထည်ဖော်ခြင်း။ | | |
| | အဓိကသက်ဆိုင်သည့် အဖွဲ့ အစည်းများ စာရင်းပြုစုခြင်းနှင့် သုံးသပ်ခြင်းနှင့် ပြုပြင်ပြောင်းလဲ ရန်အတွက် အကြံပြုခြင်း။ | **အထက်အောက် ဌာနအချင်းချင်းနှင့် တန်းတူညီတူ ဌာနများအချင်းချင်းအကြား ပူးပေါင်းလုပ်ဆောင်မှု လိုအပ်ခြင်း။**<br>အဆင့်တစ်ခုချင်းတွင် ပြောင်းလဲ အကောင်အထည်ဖော်ခြင်း။ အကောင်အထည် ဖော်ရန်အတွက် အရည်အသွေး မြှင့်တင်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်း။ | |
| | **အားလုံးပါဝင်နိုင်ရေး မြှင့်တင်ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန် လူ့အဖွဲ့အစည်းများ နိုင်ငံသားများနှင့် ထိတွေ့လုပ်ကိုင်ခြင်း။**<br>မြို့ပြအစီအမံနှင့် အစီအစဉ်ဒီဇိုင်းတွင် အဓိကနေရာမှ ပါဝင် ဆောင်ရွက်ခြင်း။ သင့်လျော်သော ဝန်ထမ်းများကို သင်တန်း ပေးခြင်း။ ဝင်ငွေနည်းသော ပြည်သူလူထုများ ပါဝင်နိုင်ရန် အာမခံချက် ပေးခြင်း။ | | |

| ဆောင်ရွက်ရမည့် ကဏ္ဍ | ကာလတို ၁-၂ နှစ် | ကာလလတ် ၂-၃ နှစ် | ကာလရှည် ၃-၅ နှစ် |
|---|---|---|---|
| **ကောင်းမွန်သော အုပ်ချုပ်မှု နှင့် ဘဏ္ဍာရေး** | အရည်အသွေး မြှင့်တင်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်း။ | **ဒေသအလိုက် မညီမျှမှုများကို တန်းတူညီမျှအောင် လုပ်ဆောင်ရာတွင် အစိုးရဌာနများအကြား ငွေကြေး လွှဲပြောင်း ဆောင်ရွက်မှု ဖြစ်စဉ်များကို အသုံးပြုခြင်း။**<br>ပတ်ဝန်းကျင် အခြေအနေ တိုးတက် ကောင်းမွန်စေရေး ဆောင်ရွက်ခြင်း။ တည်ရှိဆဲ အကျဉ်းအကျပ်ကို ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း။ | |
| | ပြုပြင်ပြောင်းလဲရေးအတွက် ချဉ်းကပ် ဖော်ထုတ်စစ်ဆေး ဆောင်ရွက်ခြင်း | **ဒေသအလိုက် မညီမျှမှုများကို တန်းတူညီမျှအောင် လုပ်ဆောင်ရာတွင် အစိုးရဌာနများအကြား ငွေကြေး လွှဲပြောင်း ဆောင်ရွက်မှု ဖြစ်စဉ်များကို အသုံးပြုခြင်း။**<br>စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ | |
| | ပိုင်ဆိုင်မှုဆိုင်ရာ အခွန်ကောက်ခံမှု တိုးမြင့်ရေးအတွက် အဆိုပြုချက်များ လုပ်ကိုင်ဆောင်ရွက်ရန် စစ်ဆေး အကဲဖြတ်ခြင်း။ | **ပြည်တွင်း အခွန်ငွေ ရရှိမှု တိုးမြှင့် လုပ်ဆောင်ခြင်း။** | |
| | **ရန်ပုံငွေ အသုံးပြုရာတွင် ဒေသခံ အမြင်ကို များများ အသုံးပြုခြင်း။**<br>ပွင့်လင်းမြင်သာသော ဆုံးဖြတ်ချက် ချမှတ် ဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်း။ | | |
| | အရည်အသွေး မြှင့်တင်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်း။ | **တိုးတက်ကောင်းမွန်စေရေးအတွက် ပုဂ္ဂလိက ကဏ္ဍမှ ဘဏ္ဍာငွေ အသုံးပြုမှု မြှင့်တင်ဆောင်ရွက်ခြင်း။**<br>တည်ရှိဆဲ အကျဉ်းအကျပ်ကို ပြုပြင် ပြောင်းလဲရေး လုပ်ဆောင်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း။ | |
| | **ကြီးမားသော မြို့ကြီးများအတွက် အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြေတန်ဖိုး မြှင့်တင်နိုင်မှု (Land Value Capture) ကို စူးစမ်းလေ့လာခြင်း။**<br>အဓိက အခွင့်အလမ်းများကို ဖော်ထုတ်နိုင်ရန် စစ်ဆေး အကဲဖြတ်မှု များကို လုပ်ဆောင်ခြင်း။ | အကောင်အထည်ဖော်ခြင်း။ | |



For more information and the full report, please visit:
www.worldbank.org/myanmar

WORLD BANK GROUP
Social, Urban, Rural & Resilience